ဆဋ္ဌသံဂါယနာတင်

ဝိနည်းပိဋကတ်ပါဠိတော် မြန်မာပြန်မှ

ထုတ်နုတ်စီစဉ်အပ်သော

# ဘိက္ခုပါတိမောက်

# မြန်မာပြန်

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၀၂ ကောဇာ ၁၃၂၀ ၁၉၅၈

ဆဋ္ဌသံဂါယနာတင်

ဝိနည်းပိဋကတ်ပါဠိတော် မြန်မာပြန်မှ

ထုတ်နုတ်စီစဉ်အပ်သော

# ဘိက္ခုပါတိမောက်

# မြန်မာပြန်

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၀၂ ကောဇာ ၁၃၂၀ ၁၉၅၈

ဘိက္ခုပါတိမောက်မြန်မာပြန်

၁။ စတင်ရိုက်နှိပ်ခြင်း .... .... ၁၉၆၀-ခု

၂။ ပဉ္စမအကြိမ်(ပြန်လည်)ရိုက်နှိပ်ခြင်း ၁၉၆၃-ခု

၃။ ဒုတိယအကြိမ်(ပြန်လည်)ရိုက်နှိပ်ခြင်း ၁၉၆၈-ခု

ပ-မ-ဗ-သ-စ—၄၂၂—၁၄-၆-၆၈—၁၀,၀၀၀။

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်) ဦးလှမောင် M.A.,M.S.,B.L. (မှတ်ပုံတင် အမှတ် ၀၇၇၉/၀၅၂၂) က ပုံနှိပ်ထုတ်ဝေသည်။

## ဘိက္ခုပါတိမောက် မြန်မာပြန်

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁။ | နိဒါန်း .... .... .... .... .... | က |
| ၂။ | နိဒါနုဒ္ဒေသ မြန်မာပြန် .... .... .... | ၁ |
| ၃။ | ပါရာဇိကုဒ္ဒေသ ၄၊ မြန်မာပြန် .... .... | ၉ |
| ၄။ | သံဃာဒိသေသုဒ္ဒေသ မြန်မာပြန် .... | ၁၃ |
| ၅။ | အနိယတုဒ္ဒေသ ၂၊ မြန်မာပြန် .... .... | ၂၆ |
| ၆။ | နိဿဂ္ဂိပါစိတ် ၃၀၊ မြန်မာပြန် | |
| | ၁-စီဝရဝဂ် .... .... .... .... | ၂၉ |
| ၇။ | ၂-ကောသိယဝဂ် .... .... .... | ၃၇ |
| ၈။ | ၃-ပတ္တဝဂ် .... .... .... .... | ၄၁ |
| ၉။ | ပါစိတ်သိက္ခာပုဒ် ၉၂၊ မြန်မာပြန် | |
| | ၁-မုသာဝါဒဝဂ်.... .... .... .... | ၄၇ |
| ၁၀။ | ၂-ဘူတဂါမဝဂ် .... .... .... .... | ၅၀ |
| ၁၁။ | ၃-ဩဝါဒဝဂ် .... .... .... .... | ၅၄ |
| ၁၂။ | ၄-ဘောဇနဝဂ်.... .... .... .... | ၅၇ |
| ၁၃။ | ၅-အစေလကဝဂ် .... .... .... | ၆၃ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁၄။ | ၆-သုရာပါနဝဂ် .... .... .... .... | ၆၆ |
| ၁၅။ | ၇-သပ္ပါဏကဝဂ် .... .... .... | ၇၁ |
| ၁၆။ | ၈-သဟဓမ္မိကဝဂ် .... .... .... | ၇၆ |
| ၁၇။ | ၉-ရတနဝဂ် .... .... .... .... | ၈၁ |
| ၁၈။ | ပါဋိဒေသနီသိက္ခာပုဒ် ၄-ပါး မြန်မာပြန် .... | ၈၇ |
| ၁၉။ | သေခိယသိက္ခာပုဒ် ၇၅-ပါး မြန်မာပြန် | |
| | ၁-ပရိမဏ္ဍလဝဂ် .... .... .... .... | ၉၀ |
| ၂၀။ | ၂-ဥဇ္ဇဂ္ဃိကဝဂ် .... .... .... .... | ၉၂ |
| ၂၁။ | ၃-ခမ္ဘကတဝဂ် .... .... .... .... | ၉၅ |
| ၂၂။ | ၄-သက္ကစ္စဝဂ် .... .... .... .... | ၉၇ |
| ၂၃။ | ၅-ကဗဠဝဂ် .... .... .... .... | ၁၀၀ |
| ၂၄။ | ၆-သုရုသုရုဝဂ် .... .... .... .... | ၁၀၂ |
| ၂၅။ | ၇-ပါဒုကဝဂ် .... .... .... .... | ၁၀၄ |
| ၂၆။ | ၈-အဓိကရဏသမထ .... .... .... | ၁၀၉ |


ဘိက္ခုပါတိမောက် မြန်မာပြန် မာတိကာ ပြီး၏။

# နိဒါန်း

## ပါတိမောက်သည်
## သီလပါတိမောက်နှင့် ဂန္ထပါတိမောက်
## နှစ်မျိုးရှိပုံ

ပါတိမောက် ဟူသော စကားသည် ပါတိမောက္ခ-ဟူသော ပါဠိမှ လာသော စကားဖြစ်သည်၊ အပြားအားဖြင့် အလွန် မြတ်သော အနက်၊ အလွန်အားဖြင့် မြတ်သော အနက် ရှိ၏။

သီလစောင့်သော သူကို အပါယ် စသော ဆင်းရဲဒုက္ခ, မိမိကိုယ်ကို မိမိစွပ်စွဲခြင်း (အတ္တာနုဝါဒ)စသော ဘေးတို့မှ လွှတ်စေတတ်သောကြောင့်(ပါတိမောက္ခသံဝရ)သီလသည် သီလပါတိမောက် မည်ပေသည်။

ထိုသီလပါတိမောက်ကို ထွန်းပြတတ်သောကြောင့် ကျမ်း (ဂန္ထ)သည်လည်း ဂန္ထပါတိမောက် မည်ပေသည်။

သီလပါတိမောက်သည် အလုံးစုံသော လောကီ လောကုတ္တရာ ကျေးဇူးတို့၏ အကြောင်းဖြစ်သောကြောင့် မြတ်၏၊ ဂန္ထပါတိမောက်သည်လည်း သီလပါတိမောက်ကို ထွန်းပြတတ်သောကြောင့် မြတ်၏။

## သီလပါတိမောက်သည်
## ဩဝါဒပါတိမောက်နှင့် အာဏာပါတိမောက်
## နှစ်မျိုးရှိပုံ

သီလပါတိမောက်သည် ဩဝါဒပါတိမောက်, အာဏာပါတိမောက် ဟူ၍ နှစ်မျိုးရှိရာ အောက်ပါ အဆုံးအမတော်သည် ဩဝါဒပါတိမောက် ဖြစ်၏။

**၁။ ခန္တီ ပရမံ တပေါ တိတိက္ခာ၊**
**နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။**
**န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊**
**န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။**

တိတိက္ခာ ဟု ဆိုအပ်သော သည်းခံခြင်းသည်ကား မြတ်သော အကျင့်တည်း၊ နိဗ္ဗာန်ကို မြတ်၏ဟူ၍ မြတ်စွာဘုရားတို့သည် ဆိုတော်မူကုန်၏၊ သူတပါးကို သတ်သောသူသည် ကိလေသာကို နှင်ထုတ်သော ရဟန်းမဟုတ်၊ ခဲ လှင်ကန် စသည်တို့ဖြင့် သူတပါးကို ညှဉ်းဆဲသော သူသည်လည်း ကိလေသာကို ငြိမ်းစေတတ်သော ရဟန်း မဟုတ်။

**၂။ သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။**
**သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။**

အလုံးစုံသော မကောင်းမှုကို မပြုခြင်း၊ ကုသိုလ်ကို ပြည့်စုံစေခြင်း၊ မိမိစိတ်ကို ဖြူစင်စေခြင်း၊ ဤကား မြတ်စွာဘုရားတို့၏ အဆုံးအမတော်တည်း။

**၃။ အနူပဝါဒေါ အနူပဃာတော၊**
**ပါတိမောက္ခေ စ သံဝရော။**
**မတ္တညုတာစ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။**
**အဓိစိတ္တေစ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။**

မစွပ်စွဲ မကဲ့ရဲ့ခြင်း၊မညှဉ်းဆဲခြင်း၊ ပါတိမောက္ခသီလကို စောင့်စည်းခြင်း၊ ဆွမ်း၌ အတိုင်းအရှည်ကိုသိခြင်း၊ဆိတ်ငြိမ်သော ကျောင်းရှိခြင်း၊ မြတ်သော စိတ်၌လည်းယှဉ်ခြင်း၊ဤကားမြတ်စွာဘုရားတို့၏အဆုံးအမတော်တည်း။

ဘိက္ခုပါတိမောက် ပါဠိတော်လာ နှစ်ရာ့ နှစ်ဆယ် ခုနစ်သွယ်သော ဝိနည်းသိက္ခာပုဒ်များကို အာဏာပါတိမောက်ဟု ခေါ်ဆိုရပေသည်။

ဂန္ထပါတိမောက် (ပါတိမောက်ကျမ်း)သည် အာဏာပါတိမောက် ဖြစ်သော နှစ်ရာ့ နှစ်ဆယ် ခုနစ်သွယ်သော ဝိနည်းသိက္ခာပုဒ်များကို သံဂါယနာတင် ဝိနည်းပါဠိတော်များမှ သီးခြားထုတ်နုတ်၍ ပါတိမောက်ပြရာ၌[၁] လွယ်ကူစေရန် စုပေါင်းထားသော ကျမ်းဖြစ်ပေသည်။

---

၁-ပါတိမောက်ပြ-ဟူသည် ပါတိမောက်ကို ရွတ်ဆို လျှောက်ထားခြင်းပင် ဖြစ်၏။

## အာဏာပါတိမောက် မရှိလျှင် သာသနာတော် ကြာမြင့်စွာ မတည်နိုင်ပုံ [၁]

(မြတ်စွာဘုရား ဝေရဉ္စာပြည်တွင် သီတင်းသုံးနေထိုင်တော်မူစဉ်) ဆိတ်ငြိမ်ရာသို့ ကပ်၍ တပါးတည်းနေသော အရှင်သာရိပုတ္တရာအား ဘုန်းတော်ကြီးကုန်သော အဘယ် မြတ်စွာဘုရားတို့၏သာသနာတော်သည် ကြာမြင့်စွာမတည် လေသနည်း၊ ဘုန်းတော်ကြီးကုန်သော အဘယ် မြတ်စွာဘုရားတို့၏ သာသနာတော်သည် ကြာမြင့်စွာ တည်လေသနည်းဟု စိတ်အကြံ ဖြစ်ပေါ်သဖြင့် ညနေချမ်းအခါ၌ နေရာမှ ထကာ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင် ရှိသေစွာ ရှိခိုး၍ တခုသော အရပ်၌ ထိုင်လျက် မြတ်စွာဘုရားအား မြတ်စွာဘုရား ဘုန်းတော်ကြီးကုန်သော အဘယ်မြတ်စွာဘုရားတို့၏ သာသနာတော်သည် ကြာမြင့်စွာ မတည်ပါသနည်း၊ ဘုန်းတော်ကြီးကုန်သော အဘယ်မြတ်စွာဘုရားတို့၏ သာသနာတော်သည် ကြာမြင့်စွာ တည်ပါသနည်းဟု လျှောက်ထားလေ၏။

သာရိပုတ္တရာ ဝိပဿီမြတ်စွာဘုရား၏လည်း သိခီ မြတ်စွာဘုရား၏လည်း ဝေဿဘူ မြတ်စွာဘုရား၏လည်း သာသနာ

---

၁-ပါရာဇိကဏ် ပါဠိတော် ဝေရဉ္စကဏ္ဍ မြန်မာပြန် စာမျက်နှာ ၁၀-မှ ထုတ်နုတ်ချက်။

တော်သည် ကြာမြင့်စွာ မတည်ခဲ့ချေ။ သာရိပုတ္တရာ ကကုသန် မြတ်စွာဘုရား၏ရင်း ကောဏာဂုံ မြတ်စွာဘုရား၏ရင်း ကဿပမြတ်စွာဘုရား၏ရင်း သာသနာတော်သည် ကြာမြင့်စွာ တည်ခဲ့၏ဟု မြတ်စွာဘုရား မိန့်တော်မူသည်။

အရှင်ဘုရား ဝိပဿီမြတ်စွာဘုရား၏ရင်း သိခီမြတ်စွာဘုရား၏ရင်း ဝေဿဘူမြတ်စွာဘုရား၏ရင်း သာသနာတော် ကြာမြင့်စွာ မတည်ခြင်း၏အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်းဟု လျှောက်ပြန်လေသည်။

သာရိပုတ္တရာ ဝိပဿီမြတ်စွာဘုရားသည်ရင်း သိခီ မြတ်စွာဘုရားသည်ရင်း ဝေဿဘူ မြတ်စွာဘုရားသည်ရင်း တပည့်တို့အား တရားတော်ကို အကျယ်ဟောတော်မူရန် ကြောင့်ကြမစိုက်ကြကုန်၊ ထိုမြတ်စွာဘုရားတို့၏ သုတ်, ဂေယျ,ဗျာကရဏ်း,ဂါထာ,ဥဒါန်း,ဣတိဝုတ်,ဇာတ်, အဗ္ဘုတဓမ္မ,ဝေဒလ္လတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏ [၁] ၊တပည့်

၁-ထိုဝိပဿီ စသော ဘုရားရှင်တို့ လက်ထက်၌ သတ္တဝါတို့သည် (ကိလေသာမြူ နည်းပါးကုန်၏၊ ထိုသတ္တဝါတို့သည် သစ္စာလေးပါးနှင့် စပ်သော တဂါထာ (လေးပိုဒ်)ကို သော်လည်း ကြားနာရသော် သစ္စာလေးပါးကို သိကုန်၏၊ ထို့ကြောင့် အကျယ်အာဖြင့် ဟောတော်မမူကုန်၊ ထိုသို့ အကျယ်ဟောတော်မမူသောကြောင့် ထိုဝိပဿီစသော ဘုရားရှင်တို့၏ သုတ်,ဂေယျ-စသည်တို့သည် နည်းပါးကုန်၏။

**တို့အား သိက္ခာပုဒ်ကို ပညတ်တော်မမူခဲ့ချေ၊ (အာဏာ) ပါတိမောက်ကို ပြတော်မမူခဲ့ချေ** [၁]**။**

ဘုန်းတော်ကြီးကုန်သော ထိုမြတ်စွာဘုရားတို့ ပရိနိဗ္ဗာန် စံလွန် ကွယ်ပျောက်တော်မူသောအခါ၌ရှင်း၊ မြတ်စွာဘုရား တို့သို့ အတုလိုက်၍ သစ္စာလေးပါးကို သိကုန်သော တပည့် တို့ ပရိနိဗ္ဗာန် စံလွန်ကွယ်ပျောက်သော အခါ၌ရှင်း အထူး ထူးသော အမည် အနွယ် ဇာတ် ရှိကုန်သော အမျိုးတို့မှ ရဟန်းပြုကုန်သော နောင်လာနောက်သား တပည့်တို့သည် ထိုသာသနာတော်ကို လျင်မြန်စွာသော ကွယ်ပျောက်စေ ကြကုန်၏။

သာရိပုတ္တရာ ချည်မျှင်ဖြင့် မသီကုံးဘဲ ပျဉ်ပြားပေါ်၌ တင်ထားသော ပန်းအမျိုးမျိုးတို့ကို ချည်မျှင်ဖြင့် မသီကုံး ခြင်းကြောင့် လေသည် ဖရိုဖရဲ ကြဲဖြန့်တိုက်ခတ်မှုတ်လွင့် ဖျက်ဆီးသကဲ့သို့ ဤအတူသာလျှင် ဘုန်းတော်ကြီးကုန် သော ထိုမြတ်စွာဘုရားတို့ ပရိနိဗ္ဗာန်စံလွန်ကွယ်ပျောက် တော်မူသောအခါ၌ရှင်း၊ မြတ်စွာဘုရားတို့သို့ အတုလိုက်၍ သစ္စာလေးပါးကို သိကုန်သော တပည့်တို့ ပရိနိဗ္ဗာန် စံလွန် ကွယ်ပျောက်သော အခါ၌ရှင်း အထူးထူးသော အမည်

---

၁-ဝိပဿီ စသော မြတ်စွာဘုရားတို့၏ တပည့်သာဝကတို့မှာ အပြစ် ကင်းသည်၏ အဖြစ်ကြောင့် အပြစ်အားလျော်စွာ ပညတ်တော်မူအပ် သော အာဏာသိက္ခာပုဒ်ကို ပညတ်တော်မမူခဲ့ချေ။

အနွယ် ဇာတ်ရှိကုန်သော အမျိုးတို့မှ ရဟန်းပြုကုန်သော နောင်လာနောက်သား တပည့်တို့သည် ထိုသာသနာတော်ကို လျင်မြန်စွာသာ ကွယ်ပျောက်စေကြကုန်၏။

မြတ်စွာဘုရား ကကုသန် မြတ်စွာဘုရား၏ရင်း ကောဏာဂုံ မြတ်စွာဘုရား၏ရင်း ကဿပမြတ်စွာဘုရား၏ရင်း သာသနာတော် ကြာမြင့်စွာ တည်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း ဟု လျှောက်ပြန်လေသည်။

သာရိပုတ္တရာ ကကုသန် မြတ်စွာဘုရားသည်ရင်း ကောဏာဂုံ မြတ်စွာဘုရားသည်ရင်း ကဿပ မြတ်စွာဘုရားသည် ရင်း တပည့်တို့အား တရားတော်ကို အကျယ်ဟောတော်မူရန် ကြောင့်ကြစိုက်တော်မူကုန်၏၊ ထိုမြတ်စွာဘုရားတို့၏ သုတ်, ဂေယျ, ဗျာကရုဏ်း, ဂါထာ, ဥဒါန်း, ဣတိဝုတ်, ဇာတ်, အဗ္ဘုတဓမ္မ, ဝေဒလ္လတို့သည် များပြားကုန်၏။ တပည့်တို့ အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ (အာဏာ)ပါတိ မောက်ကို ပြတော်မူ၏။

ဘုန်းတော်ကြီးကုန်သော ထိုမြတ်စွာဘုရားတို့ ပရိနိဗ္ဗာန် စံလွန်ကွယ်ပျောက်တော်မူသောအခါ၌ရင်း၊ မြတ်စွာ ဘုရားတို့သို့ အတုလိုက်၍ သစ္စာလေးပါးကို သိကုန်သော တပည့်တို့ ပရိနိဗ္ဗာန်စံလွန် ကွယ်ပျောက်သောအခါ၌ရင်း အထူးထူးသော အမည် အနွယ် ဇာတ်ရှိကုန်သောအမျိုးတို့မှ

ရဟန်းပြုကုန်သော နောင်လာနောက်သားတပည့်တို့သည် ထိုသာသနာတော်ကို ကြာမြင့်စွာသော ကာလပတ်လုံး တည်စေကုန်၏။

သာရိပုတ္တရာ ချည်မျှင်ဖြင့် သီကုံး၍ ပျဉ်ပြားပေါ်၌ တင်ထားသော ပန်းအမျိုးမျိုးတို့ကို ချည်မျှင်ဖြင့် သီကုံး၍ ထားခြင်းကြောင့် လေသည် ဖရိုဖရဲ မကြဲဖြန့် မတိုက်ခတ် မမှုတ်လွင့် မဖျက်ဆီးနိုင်သကဲ့သို့ ဤအတူသာလျှင် ဘုန်းတော်ကြီးကုန်သော ထိုမြတ်စွာဘုရားတို့ ပရိနိဗ္ဗာန် စံလွန်ကွယ်ပျောက်တော်မူသော အခါ၌ရင်း၊ မြတ်စွာဘုရားတို့သို့ အတုလိုက်၍ သစ္စာလေးပါးကို သိကုန်သော တပည့်တို့ ပရိနိဗ္ဗာန် စံလွန်ကွယ်ပျောက်သောအခါ၌ရင်း အထူးထူးသော အမည်အနွယ် ဇာတ်ရှိကုန်သော အမျိုးတို့မှ ရဟန်းပြုကုန်သော နောင်လာနောက်သားတပည့်တို့သည် ထိုသာသနာတော်ကို ကြာမြင့်စွာသောကာလပတ်လုံး တည်စေကုန်၏ဟု မြတ်စွာဘုရား မိန့်ကြားတော်မူလေသည်။

## မည်သည့်အချိန်ဝယ်
## သိက္ခာပုဒ်များကို ပညတ်တော်မူသင့်ကြောင်း

ထိုသို့ မိန့်ကြားတော်မူသောအခါ အရှင်သာရိပုတ္တရာသည် နေရာမှထ၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွာယ်တင်လျက် လက်အုပ်ချီ ရှိခိုးကာ မြတ်စွာဘုရားအား

ဤသာသနာတော် ကြာမြင့်စွာ တည်ရန် မြတ်စွာဘုရား သည် တပည့်တို့အား အကြင်သိက္ခာပုဒ်ကို ပညတ်တော်မူ ရာ၏၊ အကြင်ပါတိမောက်ကို ပြတော်မူရာ၏၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ထိုသိက္ခာပုဒ်ကို ပညတ် တော်မူရန် အချိန်တန်ပါပြီ၊ကောင်းသောစကားကို ဆိုတော် မူတတ်သော မြတ်စွာဘုရား ထိုပါတိမောက်ကို ပြတော် မူရန် အချိန်တန်ပါပြီ ဟု လျှောက်ထားလေသည်။

သာရိပုတ္တရာ သင်ဆိုင်းငံ့ဦးလော့၊ သာရိပုတ္တရာ သင် ဆိုင်းငံ့ဦးလော့၊ မြတ်စွာဘုရားသည်သာလျှင် ထိုသိက္ခာ ပုဒ် ပညတ်ခြင်း, ပါတိမောက်ပြခြင်း၌ အချိန်ကို သိတော်မူ လိမ့်မည်၊ သာရိပုတ္တရာ ဤ **သာသနာတော်၌ အာသဝေါ တရားလျှင် တည်ရာရှိကုန်သော အချို့သော လွန်ကျူးမှု တရားတို့သည်**[၁] **သံဃာ၌ ထင်ရှား မဖြစ်ပေါ်သေးသမျှ ကာလပတ်လုံး မြတ်စွာဘုရားသည် တပည့်တို့အား သိက္ခာ ပုဒ်ကို ပညတ်တော်မမူချေ၊အာဏာပါတိမောက်ကိုပြတော် မမူချေ။**

သာရိပုတ္တရာ ဤသာသနာတော်၌ အာသဝေါတရားလျှင် တည်ရာ ရှိကုန်သော အချို့သော လွန်ကျူးမှု တရားတို့

၁-အချို့သော လွန်ကျူးမှု တရားတို့သည် သံဃာ၌ ထင်ရှား မဖြစ်ပေါ် သေးသောကြောင့် ပဌမဗောဓိ (ဝါနှစ်ဆယ်အတွင်း)၌ သိက္ခာပုဒ် များကို ပညတ်တော်မမူပဲ ဩဝါဒပါတိမောက်ကိုသာ ပြတော်မူ လေသည်။

သည် သံဃာ၌ ထင်ရှားဖြစ်ပေါ်လာသောအခါ အာသဝေါ တရားလျှင် တည်ရာ ရှိကုန်သော ထိုလွန်ကျူးမှု တရားတို့ ကို ပယ်ဖျောက်ခြင်း အကျိုးငှါသာလျှင် မြတ်စွာဘုရား သည် တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ အာဏာပါတိမောက်ကို ပြတော်မူ၏။

သာရိပုတ္တရာ သံဃာသည် ညဉ့်အများကို သိသော (ဝါ ရင့်သည့်)ရဟန်း များပြားသည့် အဖြစ်သို့ မရောက်သေး သမျှ ကာလပတ်လုံး ပြန့်ပြောများပြားသည့် အဖြစ်သို့ မရောက်သေးသမျှ ကာလပတ်လုံး လာဘ်များသည့် အဖြစ် သို့ မရောက်သေးသမျှ ကာလပတ်လုံး ဤသာသနာတော် ၌ အာသဝေါတရားလျှင် တည်ရာရှိကုန်သော အချို့သော လွန်ကျူးမှု တရားတို့သည် သံဃာ၌ ထင်ရှား မဖြစ်ပေါ် ကုန်သေး၊ သာရိပုတ္တရာ သံဃာသည် ညဉ့်အများကို သိ သော (ဝါရင့်သည့်)ရဟန်း များပြားသည့်အဖြစ်သို့ ရောက် သောအခါ၌မူကား,ပြန့်ပြောများပြားသည့်အဖြစ်သို့ရောက် သောအခါ၌မူကား, လာဘ်များပြားသည့် အဖြစ်သို့ ရောက် သောအခါ၌မူကား,အကြားအမြင်ဗဟုသုတများပြားသည့် အဖြစ်သို့ ရောက်သောအခါ၌မူကား ဤသာသနာတော်၌ အာသဝေါတရားလျှင် တည်ရာရှိကုန်သော အချို့သော လွန် ကျူးမှုတရားတို့သည် သံဃာ၌ ထင်ရှားဖြစ်ပေါ်လာကုန်၏၊ ထိုအခါ အာသဝေါတရားလျှင် တည်ရာရှိကုန်သော ထိုလွန်

ကျူးမှု တရားတို့ကို ပယ်ဖျောက်ခြင်း အကျိုးငှါသာလျှင် မြတ်စွာဘုရားသည် တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ အာဏာပါတိမောက်ကို ပြတော်မူ၏။

သာရိပုတ္တရာ ယခုအခါ သံဃာသည် (ဒုဿီလဟူသော) အမြုပ်မှ ကင်း၏၊အပြစ်မှ ကင်း၏၊ အမည်းအညစ်မှ ကင်း၏၊ စင်ကြယ်၏၊ သီလစသော အနှစ်၌ တည်၏၊ သာရိပုတ္တရာ ဤရဟန်းငါးရာတို့တွင် အညံ့ဆုံး ရဟန်းသည် အပါယ်သို့ ကျခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်၏ဟု မိန့်တော်မူ၏။

အပြစ်ကို ကျူးလွန်သော ပုဂ္ဂိုလ်မပေါ်ပေါက်မီ မြတ်စွာဘုရားသည် သိက္ခာပုဒ်ကို ပညတ်တော်မမူချေ။ အပြစ်ကို ကျူးလွန်သော ပုဂ္ဂိုလ်ပေါ်ပေါက်မှ အပြစ်အားလျော်စွာ သိက္ခာပုဒ်များကို ပညတ်တော်မူလေသည်။

## သိက္ခာပုဒ်များကို ပညတ်တော်မူရာ၌ ရည်ရွယ်ချက် ၁၀-ပါး

သိက္ခာပုဒ်များကို ပညတ်တော်မူရာမှာလည်း မြတ်စွာဘုရားသည်—

(၁) သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးရန်

(၂) သံဃာတော်များ ချမ်းသာစေရန်

(၃) အကျင့်သီလဖောက်ဖျက်သူတို့ကို နှိမ်နင်းရန်

(၄) အကျင့်သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာ နေနိုင်ရန်
(၅) မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲအထူးတို့ကို စောင့်စည်းရန်
(၆) နောင်ဖြစ်လတ္တံ့ကုန်သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန်[၁]။
(၇) မကြည်ညိုသေးသော သူတို့ကို ကြည်ညိုစေရန်
(၈) ကြည်ညိုပြီးသောသူတို့ကို တိုး၍ ကြည်ညိုစေရန်
(၉) သူတော်ကောင်းတရား သာသနာသုံးရပ် တည်တံ့ရန်
(၁၀) ဝိနည်း စည်းမျဉ်းဥပဒေကို ချီးမြှောက်ရန် ဟူသော အကျိုးထူးဆယ်ပါးတို့ကို အစွဲပြု၍ ပညတ်တော်မူလေသည်။

မြတ်စွာဘုရားသည် အကျိုးထူးဆယ်ပါးတို့ကို အစွဲပြု၍ ပညတ်တော်မူသော သိက္ခာပုဒ်များကို ဥပုသ်အိမ် သိမ်အတွင်းရှိ သံဃာ့အလယ်၌ စွမ်းနိုင်သော ရဟန်းတပါးက ရွတ်ဆိုခြင်းကို ပါတိမောက်ပြသည် ဥပုသ်ပြုသည်ဟု ဆိုရပေသည်။

---

၁-ဆဋ္ဌမူ ဒုက အင်္ဂုတ္တိုရ် ဝိနယ ပေယျာလ စာမျက်နှာ ၉၇-တွင် သံဃသုဋ္ဌုတာ-စသော ဒုက် ၁၀-ပါး (အကျိုးထူး -၂၀)တို့ကို ဟောထားလေသည်။

## ရဟန္တာပုဂ္ဂိုလ်ကိုပင် ဥပုသ်ပြုရာသို့ သွားလော့ ဟု မြတ်စွာဘုရား မိန့်ကြားပုံ

တခုသော နေရာ၌ ထိုင်နေသော အရှင်မဟာကပ္ပိနကို မြတ်စွာဘုရားသည် ကပ္ပိန ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက် တိတ်ဆိတ်စွာ နေသောသင့်အား ငါသည် ဥပုသ်ပြုရာသို့ သွားရအံ့လော၊ မသွားပဲနေရအံ့လော၊ သံဃာ့ကံပြုရာသို့ သွားရအံ့လော၊ မသွားပဲနေရအံ့လော၊ စင်စစ် ငါသည်ကား လွန်ကဲသော စင်ကြယ်ခြင်းဖြင့် စင်ကြယ်သော သူပေတည်း ဟု စိတ်အကြံဖြစ်သည် မဟုတ်လော ဟူ၍ မိန့်တော်မူ၏။

အရှင်ဘုရား ဤအတိုင်း အကြံဖြစ်သည် မှန်ပါ၏ ဟု (အရှင်မဟာကပ္ပိနက)လျှောက်၏။

မကောင်းမှုမှ အပပြုပြီးသော သင်တို့သည် အကယ်၍ ဥပုသ်ကို အရိုအသေမပြုကုန်အံ့၊ အလေးအမြတ်မပြုကုန်အံ့၊ မမြတ်နိုးကုန်အံ့၊ မပူဇော်ကုန်အံ့၊ သို့ဖြစ်လျှင် အဘယ်သူသည် ဥပုသ်ကို အရိုအသေ ပြုလတ္တံ့နည်း၊ အလေးအမြတ် ပြုလတ္တံ့နည်း၊ မြတ်နိုးလတ္တံ့နည်း၊ ပူဇော်လတ္တံ့နည်း၊ မကောင်းမှုမှ အပပြုပြီးသော ရဟန်း၊ သင်သည် ဥပုသ်ပြုရာသို့ သွားလော့၊ သံဃာ့ကံပြုရာသို့ သွားလော့၊မသွားပဲ မနေလင့်ဟု မိန့်တော်မူ၏ [၁]။

---

၁-ဝိနည်း မဟာဝါ ပါဠိတော် မြန်မာပြန် စာမျက်နှာ ၁၄၈-မှ ထုတ်နုတ်ချက်။

ဆန္ဒကို ပေး၍ ပါရိသုဒ္ဓိကို ပေး၍ ပါတိမောက်ပြရာ ဥပုသ်အိမ် သိမ်အတွင်း၌ မပါဝင်ပဲနေလျှင် အပြစ်မရှိ၊ ဆန္ဒကို မပေးပဲ ပါရိသုဒ္ဓိကို မပေးပဲ ပါတိမောက်ပြရာ၌ မပါဝင်ပဲ နေခဲ့လျှင်· ဒုက္ကဋ်အာပတ် သင့်လေသည်။

ပါတိမောက် ပြခြင်းကြောင့် အဓမ္မကို ဓမ္မဟု ပြခြင်း၊ ဓမ္မကို အဓမ္မဟု ပြခြင်း၊ ဝိနည်း(အဆုံးအမ)မဟုတ်သည်ကို ဝိနည်း(အဆုံးအမ)ဟု ပြခြင်း၊ ဝိနည်း(အဆုံးအမ)ဟုတ်သည်ကို ဝိနည်း(အဆုံးအမ)မဟုတ်ဟု ပြခြင်း၊ မြတ်စွာဘုရား မဟောမပြောသည်ကို မြတ်စွာဘုရား ဟောပြော၏ဟု ပြခြင်း၊ မြတ်စွာဘုရား ဟောပြောသည်ကို မြတ်စွာဘုရား မဟောပြောဟု ပြခြင်း၊ မြတ်စွာဘုရား လေ့ကျက်တော် မမူအပ်သည်ကို မြတ်စွာဘုရား လေ့ကျက်တော်မူအပ်၏ ဟုပြခြင်း၊ မြတ်စွာဘုရား လေ့ကျက်တော်မူအပ်သည်ကို မြတ်စွာဘုရား လေ့ကျက်တော်မမူအပ်ဟု ပြခြင်း၊ မြတ်စွာဘုရား ပညတ်တော်မမူအပ်သည်ကို မြတ်စွာဘုရား ပညတ်တော်မူအပ်၏ဟု ပြခြင်း၊မြတ်စွာဘုရား ပညတ်တော်မူအပ်သည်ကို မြတ်စွာဘုရား ပညတ်တော်မမူအပ်ဟု ပြခြင်း၊ အာပတ် သင့်သည်ကို အာပတ်မသင့်ဟု ပြခြင်း၊ အာပတ် မသင့်သည်ကို အာပတ်သင့်၏ ဟု ပြခြင်း၊ (ပေါ့သော) လဟုကအာပတ်ကို (လေးသော) ဂရုကအာပတ်ဟု ပြခြင်း ဂရုကအာပတ်ကို လဟုက အာပတ်ဟု ပြခြင်း၊ (သိက္ခာ

အကြောင်းရှိသော) သာဝဇ္ဇအာပတ်ကို (သိက္ခာအကြောင်း
ရှိသော)အနာဝဇ္ဇအာပတ်ဟု ပြခြင်း၊ အနာဝဇ္ဇ
အာပတ်ကို သာဝဇ္ဇ အာပတ်ဟု ပြခြင်း၊ (ရှုန့်ရင်း
သော) ဒုဋ္ဌုလ္လအာပတ်ကို (မရှုန့်ရင်းသော) အဒုဋ္ဌုလ္လ
အာပတ်ဟု ပြခြင်း၊ အဒုဋ္ဌုလ္လအာပတ်ကို ဒုဋ္ဌုလ္လ အာပတ်
ဟု ပြခြင်း ဟူသော [၁] တဆယ့်ရှစ်ပါးသော ကွဲပြားခြင်းကို
ပြုတတ်သော အကြောင်း ဝတ္ထုတို့မှ ကင်းငြိမ်း၍ ပါတိ
မောက် မသိသေးသော သံဃာကို သိစေခြင်းအကျိုး,[၂]
သိပြီးသံဃာကို သတိရစေခြင်းအကျိုး,ညီညွတ်ခြင်းအကျိုး,
သီလစင်ကြယ်ခြင်း (သီလဝိသုဒ္ဓိ) အကျိုးစသော နိဗ္ဗာန်
တိုင်အောင်သော အကျိုးများကို ရနိုင်ပေသည်။

---

၁-ပရိဝါပါဠိတော် ဆဋ္ဌမူ စာမျက်နှာ ၁၆၈-မှ ထုတ်နှုတ်ဘော်ပြသည်။

၂-ထိုအငယ်ဆုံး သံဃာကလည်း အသျှင်ဘုရားတို့ အကျွန်ုပ်သည် မရွတ်ဆိုနိုင်ပါဟု ပြောဆိုအံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် ရဟန်းတပါးကို ငါ့ရှင် သွားလော့၊ အကျဉ်းအားဖြင့် ဖြစ်စေ အကျယ်အားဖြင့်ဖြစ်စေ ပါတိမောက်ကို သင်ယူ၍ လာခဲ့လော့ဟု အနီးအနား ကျောင်းသို့ နေ့ချင်းပြန် စေလွှတ်ရမည်။

(ဝိနည်းမဟာဝါ မြန်မာပြန် စာမျက်နှာ ၁၆၁) မြတ်စွာဘုရား ရှိတော်မူစဉ်ကပင် ရဟန်းတိုင်း ပါတိမောက် မရကြောင်း ထင်ရှားသော သာဓက ဖြစ်သည်။

# ဘိက္ခုပါတိမောက်

# မြန်မာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

**နိဒါနုဒ္ဒေသ မြန်မာပြန်**

**သံဃာမစည်းဝေးမီ ရှေးဦးပြုအပ်သော**

**ပုဗ္ဗကရဏ လေးပါး**

(၁) ဥပုသ်အိမ်[၁] သိမ်အတွင်း၌ တံမြက်လှည်းခြင်း

---

၁-ဥပုသ် ဟူသည် (က) သီလနှင့် ပြည့်စုံသည် ဖြစ်၍ နေခြင်း၊ (ခ) ရဟန်းတို့ အညီအညွတ် စုဝေး၍ ပါတိမောက် ရွတ်ဆိုခြင်း၊ (ဂ) ရဟန်းတို့ အညီအညွတ် စုဝေး၍ ပါတိမောက် ရွတ်ဆိုသည့်နေ့ ဟူ၍ သုံးမျိုးရှိရာ ဤနေရာ၌ ပါတိမောက် ရွတ်ဆိုခြင်း ဟူသော ဥပုသ်ကိုသာ ယူရမည်။ ဥပုသ်အိမ် ဟူသည်မှာ ဥပုသ်ပြုရာ သိမ်ပင် တည်း။

(၂) ဆိမီးညှိထွန်းခြင်း

(၃) နေရာခင်းခြင်း

(၄) သောက်ရေ, သုံးဆောင်ရေ တည်ထားခြင်း ဟူသော ဤလေးပါးသော အမှုကိစ္စတို့ကို ဥပုသ်၏ (သံဃာမစည်းဝေးမီ ရှေးအဘို့၌ ပြုအပ်သောကြောင့်) ပုဗ္ဗကရဏ ဟူ၍ ဆိုအပ်ကုန်၏။

---

၁-ဥပုသ် ဟူရာ၌ ဥပုသ်သည် ကိုးမျိုးရှိ၏။

(က) လေးပါး လေးပါးထက် အလွန်ရှိသော သံဃာစုဝေး၍ ပြုရသော သံဃဥပုသ်၊ နှစ်ပါး သုံးပါး စုဝေး၍ ပြုရသော ဂဏ ဥပုသ်၊ တပါးတည်း ပြုရသော ပုဂ္ဂလဥပုသ် ဟူ၍ ပုဂ္ဂိုလ်၏ အစွမ်းဖြင့် သုံးမျိုး။

(ခ) လေးပါး လေးပါးထက် အလွန်ရှိသော သံဃာစုဝေး၍ ပါတိမောက် ရွတ်ဆိုလျက် ပြုရသော သုတ္တုဒ္ဒေသဥပုသ်၊ နှစ်ပါး သုံးပါး စုဝေး၍ အာပတ်မှ စင်ကြယ်သည့် အဖြစ်ကို ပြောကြား၍ ပြုရသော ပါရိသုဒ္ဓိဥပုသ်၊တပါးတည်းသာ ရှိနေသော ရဟန်းသည် အခြား ရဟန်းတို့ မလာခြင်းကိုသိ၍ ယနေ့ ငါ့အတွက် ဥပုသ်နေ့တည်း-ဟု ဆိုကာ အဓိဋ္ဌာန်ပြုရသော အဓိဋ္ဌာနဥပုသ်ဟု ပြုအပ်သော အခြင်းအရာအစွမ်းအားဖြင့် သုံးမျိုး။

(ဂ) တဆယ့် ငါးရက် မြောက်နေ့၌ ပြုအပ်သော ပန္နရသီ ဥပုသ်၊ တဆယ့်လေးရက်မြောက်နေ့၌ ပြုအပ်သော စာတုဒ္ဒသီဥပုသ်၊ သံဃာကွဲပြားနေရာမှ ညီညွတ်သော နေ့၌ ပြုအပ်သော သာမဂ္ဂီ ဥပုသ် ဟူ၍ နေ့၏အစွမ်းအားဖြင့် သုံးမျိုး။ဤကား ဥပုသ်ကိုးမျိုးတည်း။

## ပါတိမောက်မပြမိ[၁] ရှေးအဘို့၌ ပြုအပ်သော ပုဗ္ဗကိစ္စ ငါးပါး

(၁) ဆောင်ယူလာခဲ့သော ဆန္ဒကို လျှောက်ကြားခြင်း[၂]

(၂) ဆောင်ယူလာခဲ့သော ပါရိသုဒ္ဓိကို လျှောက်ကြားခြင်း[၃]

(၃) ဥတုကို လျှောက်ကြားခြင်း[၄]

(၄) သိမ်အတွင်း၌ စည်းဝေးသော ရဟန်းအပေါင်းကို ရေတွက်၍ ဤမျှရှိ၏ဟု လျှောက်ကြားခြင်း

---

၁-ပါတိမောက်ပြ ဟူသည် ပါတိမောက်ကို ရွတ်ဆိုခြင်းတည်း။

၂-ဆန္ဒကို လျှောက်ကြားခြင်း ဟူသည် ယခုပြုမည့် ဥပုသ်ကို သဘောတူကြောင်း ဆန္ဒပေးပါ၏၊ တပည့်တော်၏ ဆန္ဒကို ဆောင်ယူသွားပါလော့၊ တပည့်တော်၏ဆန္ဒကို ပြောကြားပါလော့ဟု ရဟန်းတပါးပါးက ပေးလိုက်၍ ဆောင်ယူလာသော ဆန္ဒကို သံဃာအား လျှောက်ကြားခြင်းတည်း။

၃-ပါရိသုဒ္ဓိကို လျှောက်ကြားခြင်းဟူသည် တပည့်တော်၏(အာပတ်မှ စင်ကြယ်သည်၏ အဖြစ်) ပါရိသုဒ္ဓိကို ပေးပါ၏၊ တပည့်တော်၏ ပါရိသုဒ္ဓိကို ဆောင်ယူသွားပါလော့၊ တပည့်တော်၏ ပါရိသုဒ္ဓိကို ပြောကြားပါလော့ဟု ရဟန်းတပါးပါးက ပေးလိုက်၍ ဆောင်ယူလာသော ပါရိသုဒ္ဓိကို သံဃာအား လျှောက်ကြားခြင်းတည်း။

၄-ဥတုကို လျှောက်ကြားခြင်းဟူသည် ဆောင်းနွေမိုးဃ်းဟူ သော ဥတုသုံးပါးတို့တွင် ရောက်ဆဲ ဥတုကို လျှောက်ကြားခြင်း၊တဥတု တဥတု၌ ရှစ်ပက္ခ ရှစ်ပက္ခ ရှိရာတွင် လွန်ပြီး ပက္ခ, ရောက်ဆဲပက္ခ ကြွင်းကျန်သောပက္ခတို့ကို လျှောက်ကြားခြင်းတည်း။

(၅) (အဆုံးအမကို ရပါအံ့လော ဟု ဘိက္ခုနီမတို့ တောင်းပန်သော) ဩဝါဒကို လျှောက်ကြားခြင်း ဟူသော ဤငါးပါးသော အမှုကိစ္စတို့ကို ဥပုသ်၏(ပါတိမောက် မပြမီ, ပါရိသုဒ္ဓိကို မကြားမီ, အခွင့်ခွန်မပြုမီ ရှေးအဘို့၌ ပြုအပ်သောကြောင့်) ပုဗ္ဗကိစ္စဟူ၍ ဆိုအပ်ကုန်၏[၁]။

## ပတ္တကလ္လအင်္ဂါ လေးပါး

(၁) စာတုဒ္ဒသီ,ပန္နရသီ, သာမဂ္ဂီ ဥပုသ်[၂]နေ့ ဖြစ်ရခြင်း

(၂) သုတ္တုဒ္ဒေသ သံဃဥပုသ်ကံအား လျှောက်ပတ်သော (အယုတ်ဆုံး လေးယောက်သော)ပကတတ် ရဟန်း[၃]တို့ နှစ်တောင့်ထွာ (ဟတ္ထပါသ်)ကို မစွန့်မူ၍ တသိမ်တည်း၌ တည်ရခြင်း

(၃) သဘောတူ ဝတ္ထုကြောင့် သင့်သော အာပတ်တို့ မရှိခြင်း။

---

၁-ပုဗ္ဗကရဏလေးပါး, ပုဗ္ဗကိစ္စငါးပါးကို ပြည့်စုံအောင် မပြုလုပ် မဆောင်ရွက်လျှင် ဒုက္ကဋ်အာပတ်သင့်၏။

၂-သာမဂ္ဂီ ဥပုသ်ဟူသည် ကွဲပြားနေသော သံဃာညီညွတ်မှု ရသော နေ့၌ ပြုရသော ဥပုသ်တည်း။ (ထိုခဏ၌ပင်လျှင် ဥပုသ်ကို ပြုရမည်၊ ပါတိမောက်ကို ပြရမည်) ဟု မိန့်တော်မူ၏။

၃-ပကတတ် ရဟန်း ဟူသည် အာပတ်မှ စင်ကြယ်၍ ပြကတေ့ သဘောရှိသော ဥပုသ်အိမ် သိမ်အတွင်းရှိ ရဟန်းကို ပကတတ် ရဟန်းဟ ခေါ်သည်။

(၄) ထိုသိမ်အတွင်း၌ (လူစသော နှစ်ကျိပ်တယောက်[၁] သော)ပုဂ္ဂိုလ်တို့ကို (သံဃာ၏ နှစ်တောင့်ထွာ ဟတ္ထပါသ်မှ)ကြဉ်ဖယ်ထားခြင်း၊ ဤအင်္ဂါလေးပါးတို့နှင့် ပြည့်စုံသော ဥပုသ်ကံကို လျှောက်ပတ်သော အခါရှိသော ကံဟူ၍ ဆိုအပ်၏။

## ပဍိညာဉ်

ပုဗ္ဗကရဏလေးပါး ပုဗ္ဗကိစ္စငါးပါးတို့ကို ကောင်းစွာ ပြီးစေ၍ အာပတ်ကို ဒေသနာကြားပြီးသော ညီညွတ်သော ရဟန်းသံဃာ၏ ခွင့်ပြုချက်ဖြင့် အာဏာပါတိမောက်ကို ပြရန် ငါတို့ အားထုတ်ကြကုန်စို့။

---

၁-နှစ်ကျိပ်တယောက် ဟူသည် (၁) လူ (၂) ရဟန်းမ (၃) သိက္ခမာန်မ (၄) သာမဏေ (၅) သာမဏေမ (၆) သိက္ခာချသောသူ (၇) အန္တိမဝတ္ထုဖြင့် (ပါရာဇိက)သို့ရောက်သူ (၈)အာပတ်ကို မမြင်ခြင်းကြောင့် နှင်ထုတ်အပ်သောသူ (၉)အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်အပ်သောသူ (၁၀) ယုတ်မာသော အယူကိုမစွန့်ခြင်းကြောင့် နှင်ထုတ်အပ်သောသူ (၁၁) ပဏ္ဍုက် (၁၂)(ရဟန်းယောင်ဆောင်၍ ရဟန်းကောင်းတို့နှင့်အတူ ကံကြီး ကံငယ် ဆောင်ခြင်း သံဝါသကို ခိုးသောသူ) ထေယျသံဝါသက (၁၃)တိတ္ထိဘောင်သို့ ပြောင်းသွားသောသူ (၁၄) တိရစ္ဆာန်ဖြစ်သူ (၁၅) အမိသတ်သူ (၁၆) အဘသတ်သူ (၁၇) ရဟန္တာသတ်သူ (၁၈) ရဟန်းမကို ဖျက်ဆီးသူ (၁၉) သံဃာကို သင်းခွဲသူ (၂၀) မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုသူ (၂၁) ဥဘတော ဗျည်းတို့တည်း။

## ဥတ်၊ သံဃာကို သိစေခြင်း

အရှင်ဘုရားတို့....၊ သံဃာတော်သည် အကျွန်ုပ်၏စကားကို နာတော်မူပါလော့၊ ယနေ့သည် ပန္နရသီ ဥပုသ်နေ့ပါတည်း[၁]၊ သံဃာတော်အား(အင်္ဂါလေးပါးနှင့် ပြည့်စုံသော) လျောက်ပတ်သော အခါရှိသော ဥပုသ်ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာတော်သည် သုတ္တုဒ္ဒေသ ဥပုသ်ကို ပြုရာ၏၊ အာဏာပါတိမောက်ကို ပြုရာ၏။

## ပုဗ္ဗကိစ္စကို မေးခြင်း

သံဃာတော်သည် ကိုးပါးသော ပုဗ္ဗကရဏ, ပုဗ္ဗကိစ္စကို ပြုအပ်ပါပြီလော။

## အာပတ်စင်ကြယ်ရန် တိုက်တွန်းခြင်း

အရှင်တို့၊ အရှင်တို့သည် မိမိ၏အာပတ်မှ စင်ကြယ်ခြင်းကို မဝှက်မထား ပြောကြားကြပါကုန်လော့၊ အကျွန်ုပ်သည် အာဏာပါတိမောက်ကို ပြုပါအံ့။

## နိဒါနုဒ္ဒေသကို နာခြင်း အစီအရင်

ထိုပြုလတ္တံ့သော အာဏာပါတိမောက်ကို အလုံးစုံသာလျှင် သူတော်ကောင်း ဖြစ်ကုန်သော အကျွန်ုပ်တို့သည် ကောင်းစွာ နာကြပါကုန်စို့၊ နှလုံးသွင်းကြပါကုန်စို့။

---

၁-စာတုဒ္ဒသီ ဥပုသ်နေ့၊ သာမဂ္ဂီ ဥပုသ်နေ့ ဖြစ်လျှင် စာတုဒ္ဒသီ ဥပုသ်နေ့ သာမဂ္ဂီ ဥပုသ်နေ့ပါတည်း ဟု ဆို။

## စင်ကြယ်ခြင်းကို ပြောကြားခြင်း အစီအရင်

အကြင်ရဟန်းအား အာပတ်[၁] ရှိသည်ဖြစ်ငြားအံ့၊ ထိုရဟန်းသည် ထိုရှိသော အာပတ်ကို ထင်စွာ ပြုရာ၏၊ အာပတ်မရှိပါမူ ဆိတ်ဆိတ်နေရာ၏၊ ဆိတ်ဆိတ်နေသဖြင့်သာ အရှင်တို့ ကို အာပတ်မှ စင်ကြယ်ကုန်၏ဟု အကျွန်ုပ် သိရပါအံ့၊ ဉပမာအားဖြင့် အသီးအသီး အမေးခံရသူ၏ ဖြေကြားခြင်းသည် ဖြစ်သကဲ့သို့ ဤအဘူသာလျှင် ဤသို့ သဘောရှိသော ရဟန်းပရိသတ်၌ အကျွန်ုပ်သည် သုံးကြိမ်တိုင်အောင် အဖန်ဖန် မေးမြန်းစီစစ်အပ်၏။

## ထင်စွာမပြုလျှင် အာပတ်သင့်ပုံ

အကြင်ရဟန်းသည် သုံးကြိမ်တိုင်အောင် အဖန်ဖန် မေးမြန်း စီစစ်အပ်သည်ရှိသော် အမှတ်ရပါလျက် မိမိ၌ ထင်ရှားရှိသော အာပတ်ကို ထင်စွာ မပြုငြားအံ့၊ ထိုရဟန်းအား သိလျက် ချွတ်ယွင်းသော စကားကို ဆိုခြင်းကြောင့် မုသာ

---

၁-အာပတ် ဟူသည် အပြစ် ရောက်ခြင်းတည်း၊ အာပတ် သင့်ခြင်း အကြောင်းကား (၁) အလဇ္ဇိတာ-အရှက်မရှိသောကြောင့် (၂) အညာဏတာ- မသိသောကြောင့် (၃) ကုက္ကုစ္စပကတတာ- အပ်သလော မအပ်သလောဟူသော ကုက္ကုစ္စ နှိပ်စက်သောကြောင့် (၄) အကပ္ပိယေ ကပ္ပိယသညိတာ- မအပ်သော ဝတ္ထုကို အပ်သောဝတ္ထုဟု အမှတ်ရှိသောကြောင့် (၅) ကပ္ပိယေ အကပ္ပိယသညိတာ-အပ်သောဝတ္ထုကို မအပ်သောဝတ္ထုဟု အမှတ်ရှိသောကြောင့် (၆) သတိသံမောသာ- သတိချွတ်ယွင်းသောကြောင့်၊ ဤအကြောင်း ခြောက်ပါးတည်း။

ဝါဒ ဒုက္ကဋ် အာပတ် ဖြစ်၏၊ အရှင်တို့ စင်စစ်သိလျက် ချွတ်ယွင်းသော စကားကို ဆိုခြင်းကို (ဈာန်မဂ်ဖိုလ်၏) အန္တရာယ် ပြုတတ်သော တရားဟု မြတ်စွာဘုရား ဟောတော်မူအပ်၏။ ထို့ကြောင့် အာပတ်သင့်သော ရဟန်းသည် အာပတ်ကို အမှတ်ရသဖြင့် စင်ကြယ်ခြင်းကို အလိုရှိလျှင် ထင်ရှားရှိသော အာပတ်ကို ထင်စွာ ပြုရမည်၊ ထင်စွာ ပြုခြင်းကြောင့် ထိုရဟန်းအား (ပဌမဈာန်စသည်ကို ရခြင်းငှါ) ချမ်းသာ၏။

အရှင်တို့ နိဒါန်းကို ပြအပ်ပြီးသည်သာတည်း၊ ထိုနိဒါန်း၌ အရှင်တို့ကို အကျွန်ုပ် မေးပါ၏၊ အသို့ပါနည်း၊ အရှင်တို့သည် အာပတ်မှ စင်ကြယ်ပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်း အကျွန်ုပ် မေးပါ၏၊ အသို့ပါနည်း၊ အရှင်တို့သည် အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်လည်း အကျွန်ုပ် မေးပါ၏၊ အသို့ပါနည်း၊ အရှင်တို့သည် အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။

ဤနိဒါန်း၌ အရှင်တို့သည် အာပတ်မှ စင်ကြယ်သောကြောင့်ပင် ဆိတ်ဆိတ်နေတော်မူကြ၏၊ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤအာပတ်မှ စင်ကြယ်သည့် အဖြစ်ကို သိမှတ်ရပါသည်။

နိဒါနုဒ္ဒေသ ပြီး၏။

## ပါရာဇိကကဏ္ဍ ၄၊ မြန်မာပြန်

### ပါရာဇိကအခန်း

ထိုပါတိမောက်၌ ပါရာဇိက[၁] အမည်ရကုန်သော လေးပါးကုန်သော ဤအာပတ်တို့သည် သရုပ်အားဖြင့် ပြအပ်သည် အဖြစ်သို့ ရောက်ကုန်၏။

### ပဌမပါရာဇိက သိက္ခာပုဒ်

၁။ အကြင် ရဟန်းသည် ရဟန်းတို့၏ (အဓိသီလ ဟူသော)သိက္ခာ(သိက္ခာပုဒ်တော်ဟူသော)သာဇီဝသို့ ရောက်လျက် သိက္ခာမချ အားနည်းမှုကို ထင်စွာမပြုမူ၍ အယုတ်ဆုံးအားဖြင့် တိရစ္ဆာန်မ၌သော်လည်း မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲငြားအံ့၊ ထိုရဟန်းသည် သာသနာတော်မှ

---

၁-ပါရာဇိက သိက္ခာပုဒ်နှင့် ပါရာဇိက အာပတ်ကို ကျူးလွန်လျှင် ယင်းနှစ်ပါးတို့က ကျူးလွန်သူကို သာသနာတော်မှ ရှုံးစေသည် မည်၏၊ ထိုကြောင့် သိက္ခာပုဒ်နှင့် အာပတ်ကို ပါရာဇိကဟု ခေါ်ရသည်၊ ပါရာဇိက အာပတ် သင့်သော ပုဂ္ဂိုလ်ကိုလည်း ရှုံးခြင်းသို့ ရောက်သောကြောင့် ပါရာဇိကဟူ၍ပင် ခေါ်ရသည်။

သာသနာတော်မှ ရှုံးခြင်းသို့ ရောက်သော(ပါရာဇိကကျပြီးသော) ပုဂ္ဂိုလ်သည် (ဦးခေါင်းပြတ်ပြီးသောသူသည် ဦးခေါင်းနှင့် ကိုယ် ပြန်၍ ဆက်စပ်သော်လည်း အသက်မရှင်နိုင်သကဲ့သို့)ရဟန်းကောင်း အဖြစ်ဖြင့် သာသနာတော်၌ မတည်မြဲနိုင်တော့ပေ၊ ၎င်းပုဂ္ဂိုလ်သည် ယင်းအပြစ်မှ ကင်းလွတ်လိုလျှင် လူဝတ်လဲခြင်း သာမဏေပြုခြင်းဖြင့်သာ ကင်းလွတ်နိုင်သည်။

ဆုံးရှုံးခြင်းသို့ ရောက်၏၊ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်းမရှိ။ (ဝိ-မြန် ၁-၃၃)

## ဒုတိယပါရာဇိက သိက္ခာပုဒ်

၂။ အကြင်ရဟန်းသည် ရွာမှရင်း တောမှရင်း ခိုးလိုသော စိတ်အစုဖြင့် မပေးအပ်သော ဥစ္စာကို[၁] ယူငြားအံ့၊ အကြင်သို့ သဘောရှိသော မပေးအပ်သော ဥစ္စာကို ယူခြင်းကြောင့် မင်းတို့သည် ခိုးသူကို ဖမ်း၍ သင်သည် ခိုးသူဖြစ်၏၊ မိုက်သူ ဖြစ်၏၊ တွေဝေသူ ဖြစ်၏၊ ဝှက်တတ်သူ ဖြစ်၏ဟု သတ်ပုတ်မူလည်း သတ်ပုတ်ကုန်ရာ၏၊ နှောင်ဖွဲ့မူလည်း နှောင်ဖွဲ့ကုန်ရာ၏၊ နှင်ထုတ်မူလည်း နှင်ထုတ်ကုန်ရာ၏၊ ထိုသို့ သဘောရှိသော မပေးအပ်သော ဥစ္စာကို ယူသော ဤရဟန်းသည်လည်း သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏၊ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်းမရှိ။ (ဝိ-မြန် ၁-၆၁)

## တတိယပါရာဇိက သိက္ခာပုဒ်

၃။ အကြင်ရဟန်းသည် (သတ်လိုသော စိတ်စေတနာဖြင့်)စေ့ဆော်၍ လူဇာတ်ဖြစ်သော သူ၏ကိုယ်ကို အသက်

---

၁-မပေးအပ်သော ဥစ္စာဟူသည် တကျပ်ကို ပဲနှစ်ဆယ်ထား၍ ငါးပဲ ငါးပဲသက် လှန့်သောအသပြာ, ငါးပဲတန် ငါးပဲထက် ပိုလွန်၍ ထိုက်တန်သော အသုံးအဆောင် ဥစ္စာပစ္စည်းတည်း။

(ဇီဝိတိန္ဒြေ)မှ ချငြားအံ့၊ ထိုသူ၏အသက်(ဇီဝိတိန္ဒြေ)ကို ဆောင်တတ်သော ဓားလက်နက်ကိုလည်း ရှာ၍ (အနီး၌) ထားငြားအံ့၊ သေခြင်း၏ ဂုဏ်ကျေးဇူးကိုသော်လည်း ချီးကျူးပြောဆိုငြားအံ့၊ သေစိမ့်သောငှါသော်လည်း ဆောက်တည်စေငြားအံ့၊အိုယောကျ်ား သင့်အား ယုတ်ညံ့ဆိုးရွားစွာ အသက်ရှင်နေရခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊သင်အား အသက်ရှင်နေရခြင်းထက် သေရခြင်းက မြတ်သေး၏ဟု ဤသို့(သေစေလိုသော)စိတ်နှလုံးရှိသည်ဖြစ်၍ ဤသို့(သေစေလိုသော)စိတ်အကြံရှိသည်ဖြစ်၍ များစွာသော အကြောင်းဖြင့် သေခြင်း၏ ဂုဏ်ကျေးဇူးကိုသော်လည်း ချီးကျူးပြောဆိုငြားအံ့၊ သေစိမ့်သောငှါသော်လည်း ဆောက်တည်စေငြားအံ့၊ ဤရဟန်းသည်လည်း သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏၊ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်း မရှိ။ ။(ဝိ-မြန် ၁-၉၆)

## စတုတ္ထပါရာဇိက သိက္ခာပုဒ်

၄။ အကြင်ရဟန်းသည် မသိပဲ ကိုလေသာကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော မြတ်သော ဉာဏ်အမြင်ဟု ဆိုအပ်သော လူတို့ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို မိမိသို့ ဆောင်ကပ်၍ ဤသို့ ငါသိ၏၊ ဤသို့ ငါမြင်၏ဟု ပြောကြားငြားအံ့၊ ထိုသို့ ပြောကြားပြီးမှ နောက်အခါ၌ (သူတပါးတို့)မေးစစ်အပ်၍သော်

ရှင်း မမေးစစ်အပ်ပဲသော်ရှင်း အာပတ်သင့်ရောက်ပြီး၍ စင်ကြယ်ခြင်းကို အလိုရှိရကား“ငါ့ရှင်တို့ ဤသို့ ငါမသိပဲ သိ၏ဟု ဆိုမိပြီ၊ မမြင်ဘဲ မြင်၏ဟု ဆိုမိပြီ၊ အချည်းနှီး မှားယွင်းသော စကား ပြောမိပြီ”ဟု ပြောဆိုငြားအံ့၊ အထင်ကြီးမှုကို ကြည့်၍ ဤရဟန်းသည်လည်း သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏၊ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်းမရှိ။ ။(ဝိ-မြန် ၁-၁၂၀)

အသျှင်တို့ ပါရာဇိကအာပတ်လေးပါးတို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ အကြင်ရဟန်းသည် ယင်း ပါရာဇိက လေးပါးတို့တွင် တပါးပါးသို့ ရောက်သော် ရှေး (လူသာမဏေဖြစ်စဉ်)အခါ၌ရဟန်းတို့နှင့်အတူတကွပေါင်းသင်းဆက်ဆံမှုကို မရသကဲ့သို့ ထိုအတူ ထိုရဟန်းသည်(ပါရာဇိကကျပြီးသော)နောက်အခါ၌လည်း ရဟန်းတို့နှင့် အတူတကွ ပေါင်းသင်းဆက်ဆံမှုကိုမရ၊ သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏၊ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်း မရှိတော့ပေ။ ထိုပါရာဇိကလေးပါးတို့၌ အသျှင်တို့ကို မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ အသျှင်တို့သည် အာပတ်မှ စင်ကြယ်ကြသောကြောင့်ပင် ဆိတ်ဆိတ် နေတော်မူကြ၏။

ဤသို့ ဆိဘ်ဆိတ်နေသဖြင့် ဤအာပတ်မှ စင်ကြယ်သည့် အဖြစ်ကို သိမှတ်ရပါသည်။

ပါရာဇိကုဒ္ဒေသ ပြီး၏။

---

## သံဃာဒိသေသုဒ္ဒေသ မြန်မာပြန်

## သံဃာဒိသိသ် ၁၃-ပါး

အရှင်တို့၊ တဆယ့်သုံးပါးကုန်သော သံဃာဒိသိသ်[၁] အမည်ရကုန်သော ဤအာပတ်တို့သည် သရုပ်အားဖြင့် ပြအပ်သည့် အဖြစ်သို့ ရောက်ကုန်၏။

---

၁-သံဃာဒိသေသကို သံဃ အာဒိသေသ-ဟု ပုဒ်ခွဲ၊ သံဃာကို အစ၌ရင်း အကြွင်း(အလယ် အဆုံး)၌ရင်း အလိုရှိရသောကြောင့်သံဃာဒိသိသ် အာပတ်မည်၏။

အဓိပ္ပါယ် အကျယ်ကား သံဃာဒိသိသ် အာပတ်သင့်၍ ကုစားလိုသော ရဟန်းသည် ငါးရက်ဖြစ်စေ ဆယ်ရက်ဖြစ်စေ တဆယ့်ငါးရက်ဖြစ်စေ အာပတ်ကို ဖုံးလွှမ်းခဲ့သော ရက်အားလျော်စွာ ရှေးဦးစွာ ဝတ်ဆောက်တည်ရာ၏၊ ထို့နောက် (၆)ရက် (သံဃာတော်တို့ ကျေနပ်ရန်) မာနတ် ကျင့်ရ၏၊ ထို့နောက် သံဃာတော်အနည်းဆုံး နှစ်ဆယ် ပင့်ဖိတ်၍ (သံဃာ့ဘောင်သို့ ခေါ်ခြင်း သွင်းခြင်း) အဗ္ဘာနကံ ဆောင်ရ၏၊ ဤသို့ ပရိဝါသ် နေခြင်း, မာနတ်ကျင့်ခြင်း, အဗ္ဘာနကံဆောင်ခြင်းဖြင့် သံဃာဒိသိသ် အာပတ်မှ ထ၏၊ ဤသို့ သံဃာဒိသိသ် အာပတ်မှ ထအောင် ပြုလုပ်ရသော အစဝိနည်းကံ, အလယ်ဝိနည်းကံ, အဆုံးဝိနည်းကံတို့၌ သံဃာဖြင့်သာ ပြုလုပ်ရသောကြောင့် သံဃာဒိသိသ်အာပတ် ဟု အမည် တွင်လေသည်။

## သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ်

၁။ အိပ်မက်၌ သုက်လွှတ်ခြင်းမှ တပါး စေတနာနှင့် တကွ ဖြစ်သော သုက်လွှတ်ခြင်းသည် သံဃာဒိသိသ် အာပတ် သင့်၏။ (ဝိ-မြန် ၁-၁၅၇)

## ကာယသံသဂ္ဂ သိက္ခာပုဒ်

၂။ အကြင် ရဟန်းသည် ရာဂဘီလူး ပူးဝင်အပ်သည် ဖြစ်၍ ဖောက်ပြန်သောစိတ်ဖြင့် မာတုဂါမနှင့် အတူတကွ ကိုယ်လက် နှီးနှောခြင်းသို့ ရောက်ငြားအံ့၊ လက်ကိုကိုင် ခြင်းသို့ရင်း ဆံထုံးကို ကိုင်ခြင်းသို့ရင်း တပါးပါးသော အင်္ဂါကြီးငယ်ကို သုံးသပ် ကိုင်တွယ်ခြင်းသို့ရင်း ရောက်ငြား အံ့၊ ထိုရဟန်းအား သံဃာဒိသိသ် အာပတ်သင့်၏။ (ဝိ-မြန် ၁-၁၇၈)

## ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်

၃။ အကြင် ရဟန်းသည် ရာဂဘီလူး ပူးဝင်အပ်သည် ဖြစ်၍ ဖောက်ပြန်သော စိတ်ဖြင့် မိန်းမကို ရုန့်ရင်းကြမ်းတမ်း သော စကားတို့ဖြင့် လုလင်ပျိုသည် မိန်းမပျိုကို မေထုန် နှင့် စပ်သော စကားတို့ဖြင့် ပြက်ရယ် ပြောဆိုသကဲ့သို့

---

သံဃာငါးပါးရှိက ရဟန်းဖြစ်နိုင်သော်လည်း ဤသံဃာဒိသိသ် အာပတ်ကို ကုစားပြီး၍ သံဃာ့ဘောင်သို့ သွင်းရာ၌မူကား သံဃာ နှစ်ဆယ်ရှိမှ ထမြောက်အောင်မြင်သည်။

ပြက်ရယ်ပြောဆိုငြားအံ့၊ ထိုရဟန်းအား သံဃာဒိသိသ် အာပတ်သင့်၏။ ။(ဝိ-မြန် ၁-၁၉၁)

## အတ္တကာမပါရိစရိယ သိက္ခာပုဒ်

၄။ အကြင်ရဟန်းသည် ရာဂဘီလူး ပူးဝင်အပ်သည် ဖြစ်၍ ဖောက်ပြန်သော စိတ်ဖြင့် မိန်းမ၏ အထံ၌ မိမိ အလို ရှိအပ်သော ကာမဖြင့် လုပ်ကျွေးခြင်း၏ ကျေးဇူးကို ပြောဆို ငြားအံ့၊ နှမ အကြင် မိန်းမသည် အကျင့်သီလရှိသော ကောင်းသော တရားရှိသော မြတ်သော အကျင့်ကို ကျင့် လေ့ရှိသော ငါကဲ့သို့သော သူကို ထိုမေထုန်အမှုဖြင့် လုပ် ကျွေးရာ၏၊ ဤလုပ်ကျွေးခြင်းသည် လုပ်ကျွေးခြင်းတကာ တို့တွင် အမြတ်ဆုံးပေတည်းဟု-မေထုန်နှင့် စပ်သော စကား ဖြင့် ပြောဆိုငြားအံ့၊ ထိုရဟန်းအား သံဃာဒိသိသ် အာပတ် သင့်၏။ (ဝိ-မြန် ၁-၁၉၈)

## သဉ္စရိတ္တ သိက္ခာပုဒ်

၅။ အကြင်ရဟန်းသည် မိန်းမအားမူလည်း ယောကျာ်း ၏ အလိုကို မယားဖြစ်စေ လိုသောကြောင့်သော်ငြားလည်း ယောကျာ်းအားမူလည်း မိန်းမ၏ အလိုကို လင်ဖြစ်စေလို သောကြောင့်သော်ငြားလည်း အောင်သွယ်မှုကို ပြုငြားအံ့၊ အယုတ်ဆုံးအားဖြင့် ထိုခဏမျှ ပေါင်းဖော် အပ်သော အခိုက်အတန့် မယားအားလည်း အောင်သွယ်မှုကို ပြုငြား

အံ့၊ ထိုရဟန်းအား သံဃာဒိသိသ် အာပတ်သင့်၏။ (ဝိ-မြန် ၁-၂၀၈)

## ကုဋိကာရ သိက္ခာပုဒ်

၆။ ကိုယ်တိုင်တောင်းအပ်သောအရာဝတ္ထုဖြင့်(ဆောက်လုပ်သူ ဒါယကာ)အရှင်မရှိသော မိမိဟူသော ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ရှိသော ကျောင်းကို ဆောက်လုပ်စေလိုသော ရဟန်းသည်ကား အတိုင်းအရှည် ပမာဏ ရှိသော ကျောင်းကို ဆောက်လုပ်စေအပ်၏။

ဤ(ဆိုလတ္တံ့)ကား ထိုကျောင်း၏ အတိုင်းအရှည် ပမာဏတည်း၊ မြတ်စွာဘုရား အထွာတော်ဖြင့် အလျား ဆယ့်နှစ်ထွာ အနံခုနစ်ထွာတို့တည်း၊ ရဟန်းတို့ကို ကျောင်းရာကြားစေရန် ပင့်ဆောင်အပ်ကုန်၏၊ ထိုရဟန်း တို့သည် (ပိုး-ရွ-ခြပုန်း စသော) ဘေးရန်[၁] မရှိသော လှဲလှည့်လည်

၁-ပိုး-ရွ စသော ဘေးရန် ဟူရာ၌ ဘေးရန်ဟူသည်—
(၁) ပရွက်ဆိတ်တို့နေရာ (၂) ခြတို့နေရာ (၃) ကြွက်တို့နေရာ (၄) မြွေတို့နေရာ (၅) ကင်းမြီးကောက်တို့နေရာ (၆) ကင်းခြေများတို့နေရာ (၇) ဆင်တို့နေရာ (၈) မြင်းတို့နေရာ (၉)ခြင်္သေ့တို့နေရာ (၁၀) ကျားတို့နေရာ (၁၁) သစ်တို့နေရာ (၁၂) ဝံတို့နေရာ (၁၃) အောင်းတို့နေရာ (၁၄) အမှတ်မရှိ သတ္တဝါတို့နေရာ (၁၅) စပါးခင်းမှီသောနေရာ (၁၆)ပဲခင်းမှီသောနေရာ (၁၇) ခိုးသူသတ်သော ထောင်ကို မှီသောနေရာ (၁၈) လူသတ်ကုံးကို မှီသော

လောက်သော ဥပစာရှိသော ကျောင်းရာကို ကြားအပ်ကုန်၏၊ ရဟန်းသည် (ပိုးရွ ခြပုန်းစသော) ဘေးရန်ရှိသော လုံ့လှည့်လည် လောက်သော ဥပစာမရှိသော ကျောင်းရာ၌ ကိုယ်တိုင်တောင်းအပ်သော အရာဝတ္ထုဖြင့် ကျောင်းကို ဆောက်လုပ်စေငြားအံ့၊ ရဟန်းတို့ကိုလည်း ကျောင်းရာ ကြားခြင်းငှါ မပင့်ဆောင်ငြားအံ့၊ အတိုင်းအထွာ ပမာဏကို လည်း လွန်စေငြားအံ့၊ သံဃာဒိသိသ် အာပတ်သင့်၏။ ။ (ဝိ-မြန် ၁-၂၃၁)

## ဝိဟာရကာရ သိက္ခာပုဒ်

၇။ (ဆောက်လုပ်သူ ဒါယကာ) အရှင်ရှိသော မိမိ ဟူသော ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ရှိသော ကြီးသော ကျောင်းကို ဆောက်လုပ်စေလိုသော ရဟန်းသည်ကား ရဟန်းတို့ကို ကျောင်းရာကို ကြားခြင်းငှါ ပင့်ဆောင်အပ်ကုန်၏။ ထိုရဟန်းတို့သည် ဘေးရန်မရှိသော လုံ့လှည့်လည် လောက်သော ဥပစာရှိသော ကျောင်းရာကို ကြားအပ်၏၊

---

နေရာ (၁၉)သင်းချိုင်းကို မှီသောနေရာ (၂၀) ဥယျာဉ်ကိုမှီသော နေရာ (၂၁) မင်းနေရာကို မှီသောနေရာ (၂၂) ဆင်တင်းကုတ်ကို မှီသောနေရာ (၂၃) မြင်းတင်းကုတ်ကို မှီသောနေရာ (၂၄) နှောင်အိမ်ကို မှီသောနေရာ (၂၅) သေတင်းကုတ်ကို မှီသောနေရာ (၂၆)အမဲတင်းကုတ်ကို မှီသောနေရာ (၂၇)ခရီးလမ်းကို မှီသော နေရာ (၂၈)ခရီးဆုံကို မှီသောနေရာ (၂၉)သဘင်ကို မှီသောနေရာ (၃၀) ထုတ်ချင်းထွင်းခရီးကို မှီသောနေရာတို့တည်း။

ရဟန်းသည် ဘေးရန် ရှိသော လှဲလှည့်လည် လောက်သော ဉပစာမရှိသော ကျောင်းရာ၌ ကြီးသော ကျောင်းကို ဆောက်လုပ်စေငြားအံ့၊ ရဟန်းတို့ကိုသော်လည်းကျောင်းရာကို ကြားခြင်းငှါ မပင့်ဆောင်ငြားအံ့၊ (ထိုရဟန်းအား) သံဃာဒိသိသ် အာပတ်သင့်၏။ ။(ဝိ-မြန် ၁-၂၅၀)

## ဒုဋ္ဌဒေါသ သိက္ခာပုဒ်

၈။ အကြင် ရဟန်းသည် ရဟန်းကို ဒေါသဖိစီး ဖျက်ဆီးလိုသော စိတ်ရှိသည်ဖြစ်၍ မနှစ်လိုသည်ဖြစ်၍ အခြေအမြစ်မရှိသော ပါရာဇိကအာပတ်ဖြင့် ထိုရဟန်းကို ဤမြတ်သောအကျင့်မှ ရွေ့လျောစေနိုင်ရာ၏ဟု ကြံ၍ စွပ်စွဲဖျက်ဆီးငြားအံ့၊ ထိုမှ နောက်အခါ၌ (သူတပါးတို့) မေးစိစစ်အပ်၍သော်ငြင်း မမေးစိစစ်အပ်ပဲသော်ငြင်း ထိုအဓိကရုဏ်းသည်လည်း အခြေအမြစ်မရှိသည်ဖြစ်အံ့၊ (စွပ်စွဲသော)ရဟန်းသည်လည်း အပြစ်ဒေါသကို ဝန်ခံအံ့၊ (ထိုရဟန်းအား) သံဃာဒိသိသ် အာပတ်သင့်၏။ (ဝိ-မြန် ၁-၂၆၄)

## ဒုတိယ ဒုဋ္ဌဒေါသ သိက္ခာပုဒ်

၉။ အကြင် ရဟန်းသည် ရဟန်းကို ဒေါသဖိစီး ဖျက်ဆီးလိုသော စိတ်ရှိသည်ဖြစ်၍ မနှစ်လိုသည်ဖြစ်၍ အခြားဝတ္ထုတခုနှင့် သက်ဆိုင်၍ သိက္ခာပုဒ်နှင့် ငြိစွန်းလောက်သော အချက်တခုကို ဆင်တူယိုးမှား ကောက်ယူပြီးလျှင် ထိုရဟန်း

ကို ဤမြတ်သော အကျင့်မှ ရွေ့လျောစေနိုင်ရာ၏ဟု ကြံ၍ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲ ဖျက်ဆီးငြားအံ့၊ ထိုမှ နောက် အခါ၌ (သူတပါးတို့)မေးစိစစ်အပ်၍သော်ငင်း၊ မမေးစိစစ် အပ်ပဲသော်ငင်း ထိုအဓိကရုဏ်းသည် အခြားဝတ္ထုတခုနှင့် သက်ဆိုင်သည်လည်းဖြစ်အံ့၊ သိက္ခာပုဒ်နှင့် ငြိစွန်းလောက် သော အချက်တခုခုကို ဆင်တူယိုးမှား ကောက်ယူအပ်သည် လည်း ဖြစ်အံ့၊ (စွပ်စွဲသော)ရဟန်းသည်လည်း အပြစ် ဒေါသကို ဝန်ခံအံ့၊ (ထိုရဟန်းအား)သံဃာဒိသိသ်အာပတ် သင့်၏။ ။(ဝိ-မြန် ၁-၂၇၂)

## သံဃဘေဒ သိက္ခာပုဒ်

၁၀။ အကြင် ရဟန်းသည် ညီညွတ်သော သံဃာ၏ ကွဲပြားခြင်းငှါ လုံ့လပြုငြားအံ့၊ ကွဲပြားခြင်းကို ဖြစ်စေတတ် သော အကြောင်းကိုသော်လည်း ခိုင်မြဲစွာ စွဲယူပြုမူ၍ တည် ငြားအံ့၊ ထိုရဟန်းကို ရဟန်းတို့သည် အသျှင်သည် ညီညွတ် သော သံဃာ၏ ကွဲပြားခြင်းငှါ လုံ့လမပြုပါလင့်၊ ကွဲပြား ခြင်းကို ဖြစ်စေတတ်သော အကြောင်းကို သော်လည်း ခိုင် မြဲစွာ စွဲယူ ပြုမူ၍ မတည်ပါလင့်၊ အသျှင်သည် သံဃာနှင့် ညီညွတ်ပါလော့၊ ညီညွတ်သည်သာလျှင် ဖြစ်သော သံဃာ သည် ကောင်းစွာ ဝမ်းမြောက်သည် ဖြစ်၍ မငြင်းခုံသည် ဖြစ်၍ တူသော ပါတိမောက် ပြခြင်းရှိသည်ဖြစ်၍ ချမ်းသာ စွာ နေရ၏ဟုပြောဆိုရာ၏၊ရဟန်းတို့သည် ဤသို့ ဆိုအပ်

လျက် ထိုရဟန်းသည် ရှေးနည်းအတူပင် ပြုမူငြားအံ့၊ ထို ရဟန်းကို ရဟန်းတို့သည် သုံးကြိမ်တိုင်အောင် ထိုအယူကို စွန့်စိမ့်သောငှါ ကောင်းစွာ ဆိုဆုံးမအပ်၏၊ အကယ်၍ သုံး ကြိမ်တိုင်အောင် ကောင်းစွာ ဆိုဆုံးမအပ်သည်ရှိသော် ထို အယူကို စွန့်ငြားအံ့၊ ဤသို့ စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ မစွန့်ငြားအံ့၊ (ထိုရဟန်းအား)သံဃာဒိသိသ် အာပတ် သင့်၏။ ။(ဝိ-မြန် ၁-၂၇၀)

## ဘေဒါနုဝတ္တက သိက္ခာပုဒ်

၁၁။ ထိုရဟန်း၏သာလျှင် နောက်သို့ လိုက်၍ အသင်း ကွဲပြားရေး စကားကို ဆိုတတ်သော တပါးသော်၎င်း, နှစ် ပါးတို့သော်၎င်း, သုံးပါးတို့သော်၎င်း ရဟန်းတို့သည် ရှိကြ ကုန်၏၊ထိုရဟန်းတို့သည် အသျှင်တို့သည် ထိုရဟန်းကို တစုံ တခုမျှ မပြောဆိုကြပါကုန်လင့်၊ ထိုရဟန်းသည် တရားသည် ကိုလည်း ဆိုလေ့ရှိပါသည်၊ ထိုရဟန်းသည် ဝိနည်းနှင့်အညီ လည်း ဆိုလေ့ရှိပါသည်၊ ထိုရဟန်းသည် အကျွန်ုပ်တို့၏ အလို ကို၎င်း, ထောက်ခံချက်ကို၎င်း ယူ၍ သုံးနှုန်းပါသည်၊ အကျွန်ုပ်တို့၏ (အလို ထောက်ခံချက်ကို) သိလည်း သိပါသည်၊ အကျွန်ုပ်တို့၏ အယူအဆနှင့်အတူ ပြောဆို ပါသည်၊ ထိုအမှုကို အကျွန်ုပ်တို့လည်း နှစ်သက်ပါသည်”ဟု ပြောဆိုကုန်ငြားအံ့၊ ထိုရဟန်းတို့ကို ရဟန်းတို့သည် “အသျှင်ဘုရားတို့သည် . ဤသို့ မပြောဆိုကြပါကုန်လင့်၊

ထိုရဟန်းသည် တရားသည်ကို ဆိုလေ့ရှိသည်လည်း မဟုတ်ပါ၊ ထိုရဟန်းသည် ဝိနည်းနှင့်အညီ ဆိုလေ့ ရှိသည်လည်း မဟုတ်ပါ၊ အသျှင်ဘုရားတို့သည်လည်း သံဃာကွဲပြားခြင်းကို မနှစ်သက် အပ်ပါ၊ အသျှင်ဘုရားတို့သည် သံဃာနှင့် ညီညွတ်ပါလေ၊ ညီညွတ်သည်သာလျှင် ဖြစ်သော သံဃာသည် ကောင်းစွာ ဝမ်းမြောက်သည် ဖြစ်၍ တူသော ပါတိမောက် ပြခြင်း ရှိသည်ဖြစ်၍ ချမ်းသာစွာ နေရ၏"ဟု ပြောဆိုကုန်ရာ၏၊ ထိုရဟန်းတို့ကို ရဟန်းတို့သည် ဤသို့ ဆိုအပ်ကုန်လျက် ထို(ရှေးနည်း) အတိုင်းပင် ပြုမူကုန်ငြားအံ့၊ ထိုရဟန်းတို့ကို ရဟန်းတို့သည် သုံးကြိမ်တိုင်အောင် ထိုအယူကို စွန့်စိမ့်သောငှါ ကောင်းစွာ ဆိုဆုံးမအပ်ကုန်၏၊ အကယ်၍ သုံးကြိမ်တိုင်အောင် ဆိုဆုံးမအပ်ကုန်သည်ရှိသော် ထိုအယူကို စွန့်ကုန်ငြားအံ့၊ ဤသို့ စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ မစွန့်ကုန်ငြားအံ့၊ (ထိုရဟန်းတို့အား) သံဃာဒိသိသ် အာပတ်သင့်၏။ ။ (ဝိ-မြန် ၁-၂၇၃)

## ဒုဗ္ဗစ သိက္ခာပုဒ်

၁၂။ ရဟန်းသည် ပါတိမောက်လာ သိက္ခာပုဒ်တို့ဖြင့် ဆိုဆုံးမခက်သော သဘောရှိသည်သာလျှင် ဖြစ်၏၊ ရဟန်းတို့သည် သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် "အသျှင်တို့သည် အကျွန်ုပ်ကို တစုံတခု

၁၀၁၄၅
စာကြည့်တိုက်
ကမ္ဘာအေး

မကောင်းသည်ကိုရင်း မဆိုပါကုန်လင့်၊ အကျွန်ုပ်ကလည်း အသျှင်တို့ကို တစုံတခု ကောင်းသည်ကိုရင်း မကောင်းသည်ကိုရင်း မဆိုပါအံ့၊ အသျှင်တို့သည် အကျွန်ုပ်ကို ဆိုခြင်းမှ ရှောင်ကြဉ်ကြပါကုန်လော့”ဟု မိမိကိုယ်ကို မပြောဆိုသင့်သည်ကို ပြု၏၊ ထိုရဟန်းကို ရဟန်းတို့သည် “အသျှင်သည် မိမိကိုယ်ကို မပြောဆိုသင့်သည်ကို မပြုပါလင့်၊ အသျှင်သည် မိမိကိုယ်ကို ဆိုသင့်သည်ကိုသာ ပြုပါလော့၊ အသျှင်ကလည်း ရဟန်းတို့ကို တရားနှင့်အညီ ဆိုပါလော့၊ ရဟန်းတို့ကလည်း အသျှင့်ကို တရားနှင့်အညီ ဆိုကြပါလိမ့်မည်၊ ဤသို့ အချင်းချင်း ဆိုဆုံးမခြင်း အချင်းချင်း အာပတ်မှ ထစေခြင်းဖြင့် သာလျှင် ထိုမြတ်စွာဘုရား၏ ပရိသတ်သည် ကြီးပွါးခြင်းသို့ ရောက်နိုင်၏”ဟု ဆိုရာ၏၊ ဤသို့လျှင် ထိုရဟန်းသည် ရဟန်းတို့က ဆိုအပ်သည် ဖြစ်လျက် ရှေးအတူပင် ပြုမူငြားအံ့၊ ထိုရဟန်းကို ရဟန်းတို့သည် ထိုအယူကို စွန့်စေခြင်းငှါ သုံးကြိမ်တိုင်အောင် ဆိုဆုံးမအပ်၏၊အကယ်၍ သုံးကြိမ်တိုင်အောင် ဆိုဆုံးမအပ်သည်ရှိသော် ထိုအယူကိုစွန့်ငြားအံ့၊ ဤသို့ စွန့်ခြင်းသည်ကောင်း၏၊ အကယ်၍ မစွန့်ငြားအံ့၊ (ထိုရဟန်းအား) သံဃာဒိသိသ် အာပတ် သင့်၏॥ ॥

(ဝိ-မြန် ၁-၂၈၇)

## ကုလဒူသက သိက္ခာပုဒ်

၁၃။ အမျိုးတို့ကို ဖျက်ဆီးတတ်သော [၁] ယုတ်မာသော အကျင့်ရှိသော ရဟန်းသည် တခုသော ရွာ နိဂုံးကို အမှီပြု၍ နေ၏၊ ထိုရဟန်း၏ယုတ်မာသော အကျင့်တို့ကို မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ ထိုရဟန်းသည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ ထိုရဟန်းကို ရဟန်းတို့သည် "အသျှင်သည်ကား အမျိုးကို ဖျက်ဆီးတတ်၏၊ ယုတ်မာသော အကျင့်ရှိ၏၊ အသျှင်၏ ယုတ်မာသော အကျင့်တို့ကို မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ အသျှင်သည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ အသျှင်သည် ဤကျောင်းတိုက်မှ ဖဲသွားပါလော့၊ အသျှင့်အား ဤကျောင်းတိုက်၌ နေခြင်းဖြင့် အကျိုး မရှိပါ" ဟု ဆိုရာ၏၊ ဤသို့ ရဟန်းတို့က ဆိုအပ်သော ထိုရဟန်းသည် ရဟန်းတို့ကို "ရဟန်းတို့သည် ဆန္ဒာဂတိသို့လည်း လိုက်ကုန်၏၊ ဒေါသာဂတိသို့လည်း လိုက်ကုန်၏၊ မောဟာဂတိသို့လည်း လိုက်ကုန်၏၊ ဘယာဂတိသို့လည်း လိုက်ကုန်၏၊ ထိုသို့ သဘောရှိသော အာပတ်ဖြင့် ရဟန်းအချို့ကို နှင်ထုတ်ကုန်၏၊ ရဟန်းအချို့ကို မနှင်ထုတ်ကုန်"

---

၁- အမျိုးတို့ကို ဖျက်ဆီးတတ်သော ရဟန်းဟူသည် ပန်းပေးခြင်း စသည်တို့ဖြင့် လူတို့၏ သဒ္ဓါတရားကို ဖျက်ဆီးတတ်သော ရဟန်းတည်း။

ဟု ဆိုငြားအံ့၊ ထိုရဟန်းကို ရဟန်းတို့သည် "အသျှင်သည် ဤသို့ မဆိုပါလင့်၊ ရဟန်းတို့သည် ဆန္ဒာဂတိသို့လည်း မလိုက်ကြပါ၊ ဒေါသာဂတိသို့လည်း မလိုက်ကြပါ၊ မောဟာဂတိသို့လည်း မလိုက်ကြပါ၊ ဘယာဂတိသို့လည်း မလိုက်ကြပါ၊ အသျှင်သည်သာ အမျိုးတို့ကို ဖျက်ဆီးတတ်၏၊ယုတ်မာသော အကျင့်ရှိ၏၊ အသျှင်၏ ယုတ်မာသော အကျင့်တို့ကို မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ အသျှင်သည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ အသျှင်သည် ဤကျောင်းတိုက်မှ ဖဲသွားပါလော့၊ အသျှင့်အား ဤကျောင်းတိုက်၌နေခြင်းဖြင့် အကျိုးမရှိပါ"ဟု ဆိုရာ၏၊ ရဟန်းတို့သည် ဤသို့ ဆိုအပ်လျက် ထိုရဟန်းသည် ထိုအတူပင် ဆက်လက်ပြုမူနေငြားအံ့၊ ထိုရဟန်းကို ရဟန်းတို့သည် ထိုအယူကို စွန့်စေခြင်းငှါ သုံးကြိမ်တိုင်အောင် ကောင်းစွာ ဆိုဆုံးမအပ်၏၊ အကယ်၍ သုံးကြိမ်တိုင်အောင် ကောင်းစွာ ဆိုဆုံးမအပ်သည်ရှိသော် ထိုအယူကို စွန့်ငြားအံ့၊ ဤသို့ စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ မစွန့်ငြားအံ့၊ (ထိုရဟန်းအား) သံဃာဒိသိသ် အာပတ် သင့်၏။ ။ (ဝိ-မြန် ၁-၂၉၆)

အသျှင်တို့ လွန်ကျူးဆဲ ခဏ၌ သင့်သော အာပတ်ကိုးပါး၊ သုံးကြိမ်တိုင်အောင် ဥတ်ကမ္မဝါစာဖြင့် ဆုံးမပြီး

နောက်၌ သင့်သော အာပတ်လေးပါး အားဖြင့် တဆယ့် သုံးပါးသော သံဃာဒိသိသ် အာပတ်တို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ ရဟန်းသည် ယင်း (တဆယ့်သုံးပါး) တို့တွင် တပါးပါးသို့လည်း သင့်ရောက်၍ အကြင်မျှလောက် သော ရက်တို့ပတ်လုံး သိလျက် ဖုံးထား၏၊ ထိုမျှလောက် သော ရက်တို့ပတ်လုံး ထိုရဟန်းသည် အလိုမရှိပဲ ပရိဝါသ် နေရမည်၊ ပရိဝါသ်နေပြီးသော ရဟန်းသည် နောက်ထပ် ခြောက်ည၌ပတ်လုံး ရဟန်းတို့ နှစ်သက်ခြင်းငှါ မာနတ် ကျင့် ရမည်၊ မာနတ်ကျင့်ပြီးသော ရဟန်းကို ရဟန်းသံဃာ နှစ် ကျိပ် အရေအတွက်ရှိသော သိမ်၌ အဗ္ဘာန်သွင်းရမည်၊ ရဟန်းသံဃာသည် တပါးယုတ်သော နှစ်ကျိပ်ဖြင့်သော် လည်း ထိုရဟန်းကို အဗ္ဘာန်သွင်းငြားအံ့၊ ထိုရဟန်းလည်း အဗ္ဘာန်သွင်းအပ်သည်မမည်၊ ထို (အဗ္ဘာန်သွင်းသော) ရဟန်းတို့ကိုလည်း ကဲ့ရဲ့အပ်ကုန်၏၊ ဤသည်ကား ထို (သံဃာဒိသိသ် သင့်ရာ)၌ လိုက်နာရမည့်အကျင့်တည်း။

ထိုသံဃာဒိသိသ် တဆယ့်သုံးပါးတို့၌ အသျှင်တို့ကို မေး ပါ၏၊အာပတ်မှစင်ကြယ်ကြပါကုန်၏လော၊နှစ်ကြိမ်မြောက် လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါ ကုန်၏လော၊ အသျှင်တို့သည် ဤ (သံဃာဒိသိသ် တဆယ့် သုံးပါး) တို့၌ အာပတ်မှ စင်ကြယ်ကြပါ၏၊ ထို့ကြောင့်

ဆိတ်ဆိတ် နေကြကုန်၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤ အာပတ်မှ စင်ကြယ်သည့် အဖြစ်ကို သိမှတ်ရပါသည်။

သံဃာဒိသိသ် ၁၃-ပါး ပြီး၏။

---

## အနိယတုဒ္ဒေသ ၂- မြန်မာပြန်

### အနိယတအချိး

အသျှင်တို့၊ ဤနှစ်ပါးကုန်သော အနိယတ အာပတ်တို့ သည် သရုပ်အားဖြင့် ပြဆိုအပ်သည်၏ အဖြစ်သို့ ရောက် ကုန်၏။

### ပဌမအနိယတ သိက္ခာပုဒ်[၁]

၁။ အကြင် ရဟန်းသည် မာတုဂါမနှင့်အတူ တယောက် ချင်းချင်း မေထုန်မှုကို ပြုခြင်းငှါ စွမ်းနိုင်သော အကာအရံ ရှိသော ဆိတ်ကွယ်ရာ၌ထိုင်နေငြားအံ့၊ထိုရဟန်းကို ယုံကြည် ထိုက်သော စကားရှိသော ဥပါသိကာမသည် မြင်၍ ပါရာ

---

၁-မာတုဂါမနှင့် တယောက်ချင်းချင်း မေထုန်မှုကို ပြုခြင်းငှါ စွမ်းနိုင်သော အကာအရံရှိသော ဆိတ်ကွယ်ရာ နေရာ၌ ထိုင်နေသော ရဟန်းအား ပါရာဇိက သံဃာဒိသိသ် ပါစိတ် အာပတ် သုံးမျိုးတို့တွင် မည်သည့် အာပတ်သင့်သည်ဟု မဆုံးဖြတ်နိုင်၊အမြဲပညတ်၍ မဖြစ်နိုင်၊ကာယကံ ရှင် ဝန်ခံသော အာပတ်ဖြင့်သာ ဆုံးဖြတ်ရသည်၊ ထို့ကြောင့် အနိ ယတ အာပတ်ဟု အမည်တွင်လေသည်။

ဇိကဖြင့်သော်ရင်း သံဃာဒိသိသ်ဖြင့်သော်ရင်း ပါစိတ်ဖြင့်သော်ရင်း သုံးပါးသော အာပတ်တို့တွင် တပါးပါးဖြင့် စွဲဆိုငြားအံ့၊ ထိုင်နေခြင်းကို ဝန်ခံသော ရဟန်းကို ပါရာဇိကဖြင့်သော်ရင်း သံဃာဒိသိသ်ဖြင့်သော်ရင်း ပါစိတ်ဖြင့်သော်ရင်း သုံးပါးသော အာပတ်တို့တွင် တပါးပါးဖြင့် ဆုံးဖြတ်ရမည်၊ ယုံကြည်ထိုက်သော စကားရှိသော[၁] ထိုဥပါသိကာမ စွဲဆိုသော ထိုအာပတ်ဖြင့် ထိုရဟန်းကို ဆုံးဖြတ်ရမည်၊ ဤအာပတ်ကား အမြဲမရှိ။ ။(ဝိ-မြန် ၁-၃၀၂)

## ဒုတိယအနိယတ သိက္ခာပုဒ်

၂။ နေရာသည် အကာအရံလည်းမရှိ၊ မေထုန်မှုကို ပြုခြင်းငှါလည်း မစွမ်းနိုင်၊ သို့ရာတွင် မာတုဂါမကို ရှုန့်ရင်းသော စကားတို့ဖြင့် ပြက်ရယ်ပြောဆိုရန်မူကား စွမ်းနိုင်၏၊ အကြင်ရဟန်းသည် ထိုသို့ သဘောရှိသော နေရာ၌ မာတုဂါမနှင့်အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာ၌ ထိုင်နေငြားအံ့၊ ထိုရဟန်းကို ယုံကြည်ထိုက်သော စကားရှိသော ဥပါသိကာမသည် မြင်၍ သံဃာဒိသိသ်ဖြင့် သော်ရင်း ပါစိတ်ဖြင့်သော်ရင်း နှစ်ပါးသော အာပတ်တို့တွင် တပါးပါးဖြင့် စွဲဆိုငြားအံ့၊ ထိုင်နေခြင်းကို ဝန်ခံသော ရဟန်းကို

---

၁-ယုံကြည်ထိုက်သော စကားရှိသော ဥပါသိကာမဟူသည် အရိယာဖြစ်သော ဥပါသိကာမတည်း။

သံဃာဒိသိသ်ဖြင့်သော်ရင်း ပါစိတ်ဖြင့်သော်ရင်း နှစ်ပါးသော အာပတ်တို့တွင် တပါးပါးဖြင့် ဆုံးဖြတ်ရမည်၊ ယုံကြည်ထိုက်သော စကားရှိသော ထိုဥပါသိကာမ စွဲဆိုသော ထိုအာပတ်ဖြင့် ထိုရဟန်းကို ဆုံးဖြတ်ရမည်၊ ဤအာပတ်သည်လည်း အမြဲမရှိ။ (ဝိ-မြန် ၁-၃၀၆)

အသျှင်တို့ နှစ်ပါးသော အနိယတ အာပတ်တို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ ထိုအနိယတ နှစ်ပါးတို့၌ အသျှင်တို့ကို မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ အသျှင်တို့သည် ဤအနိယတ နှစ်ပါးတို့၌ အာပတ်မှ စင်ကြယ်ကြပါကုန်၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤအာပတ်မှ စင်ကြယ်သည့် အဖြစ်ကို သိမှတ်ရပါသည်။

အနိယတသိက္ခာပုဒ် ပြီး၏။

# နိဿဂ္ဂိပါစိတ် ၃၀- မြန်မာပြန်

## ၁-စီဝရဝဂ်

အသျှင်တို့ သုံးဆယ်သော နိဿဂ္ဂိပါစိတ်အာပတ်[၁] တို့သည် သရုပ်အားဖြင့် ပြအပ်သည်၏အဖြစ်သို့ ရောက်ကုန်၏။

---

၁-နိဿဂ္ဂိ အာပတ် ဟူသည်-စွန့်ခြင်း ဝိနည်းကံရှိသော အာပတ်တည်း။ နိဿဂ္ဂိပါစိတ်အာပတ်သင့်သော ရဟန်းသည် ၎င်းအပြစ်မှ စင်ကြယ်ခြင်းငှါ ပါစိတ် အာပတ်ကဲ့သို့ ဒေသနာကြားရုံမျှဖြင့် မဖြစ်၊ ဝတ္ထုပစ္စည်းကို ပဌမစွန့်ရသည်၊ ထိုနောက်မှ ဒေသနာ ကြားရသည်၊ ထိုကြောင့် စွန့်ခြင်း ဝိနည်းကံ ရှိသော အာပတ်ဟု ခေါ်ရသည်။

နိဿဂ္ဂိ အာပတ် သင့်သော ရဟန်းသည် သံဃာအားရင်း ဂိုဏ်းအားရင်း ပုဂ္ဂိုလ်အားရင်း စွန့်ရသည်။

### ပုဂ္ဂိုလ်အား စွန့်ပုံ

အရှင်ဘုရား တပည့်တော်၏ ဤသင်္ကန်းသည် ဆယ်ရက်လွန်သည် ဖြစ်၍ စွန့်အပ်ပါသည်၊ တပည့်တော်၏ ဤသင်္ကန်းကို အရှင်ဘုရားအား စွန့်ပါ၏ဟု ဆိုရသည်။

### ထိုနောက် အာပတ်ကို ဒေသနာကြားပုံ

အရှင်ဘုရား တပည့်တော်သည် တခုသော နိဿဂ္ဂိပါစိတ် အာပတ်သို့ ရောက်ပါ၏၊ ထိုအာပတ်ကို ပြောကြားပါ၏ဟု အာပတ်သင့်သောရဟန်းက ဆိုရသည်၊ ဒေသနာခံ ရဟန်းက ငါ့ရှင် အပြစ်ကို မြင်၏လော ဟု မေးရသည်၊ ဒေသနာကြား ရဟန်းက အရှင်ဘုရား ဩော် မြင်ပါ၏ဟု ဆိုရသည်၊ ဒေသနာခံ ရဟန်းက ငါ့ရှင် နောင်အခါ စောင့်ရှောက်မည်လောဟု မေးရသည်၊ ဒေသနာကြား ရဟန်းက အရှင်ဘုရား ကောင်းစွာ စောင့်ရှောက်ပါမည်ဟု ဆိုရသည်။

ဤသို့ ဒေသနာ ကြားပြီးသည်ရှိသော် သင်္ကန်းကို ခံယူသော ရဟန်းသည် ဤသင်္ကန်းကို အသျှင်အား ပေးပါ၏ဟု ပြန်ပေးရသည်။

## ၁-ပဌမကထိန သိက္ခာပုဒ်

၁။ ရဟန်းသည် သင်္ကန်း (ကိစ္စ) ပြီးဆုံးလတ်သော် ကထိန်ကို နုတ်ပြီးလတ်သော် ဆယ်ရက် အပိုင်းအခြားရှိသော ကာလပတ်လုံး အပိုသင်္ကန်း[၁] ကို ဆောင်နိုင်သည်၊ ထို (ဆယ်ရက်အပိုင်းအခြားကာလ)ကို လွန်စေသော ရဟန်းအား စွန့်ခြင်း(ဝိနည်းကံ)ရှိသော ပါစိတ်အာပတ် သင့်၏။ (ဝိ-မြန် ၁-၃၁၁)

## ၂-ဒုတိယကထိန သိက္ခာပုဒ်

၂။ ရဟန်း၏ သင်္ကန်း ပြီးဆုံးလတ်သော် ကထိန်ကို နုတ်ပြီးလတ်သော် ရဟန်းသည် သမ္မုတိရသော ရဟန်းမှတပါး တညဉ့်မျှလည်း တိစီဝရိက်နှင့် ကင်း၍ နေငြားအံ့၊ (ထိုရဟန်းအား) စွန့်ခြင်း (ဝိနည်းကံ) ရှိသော ပါစိတ်အာပတ် သင့်၏။ (ဝိ-မြန် ၁-၃၁၅)

## ၃-တတိယကထိန သိက္ခာပုဒ်

၃။ ရဟန်း၏ သင်္ကန်း ပြီးဆုံးလတ်သော် ကထိန်ကို နုတ်ပြီးလတ်သော် ရဟန်းအားပင် အခါမဲ့ သင်္ကန်း[၂] ဖြစ်ပေါ်

---

၁-အပိုသင်္ကန်း ဟူသည် အဓိဋ္ဌာန်မတင်အပ်၊ ဝိကပ္ပနာ မပြုအပ်သော သင်္ကန်းတည်း။

၂-အခါမဲ့ သင်္ကန်းဟူသည် (က) ကထိန်ခင်းလျှင် တပေါင်းလပြည့်ကျော်

ငြားအံ့၊ အလိုရှိသော ရဟန်းသည် ခံယူရာသည်၊ ခံယူပြီး နောက် လျင်မြန်စွာပင် ချုပ်ဆိုးရမည်၊ အကယ်၍ ပြည့်စုံ လုံလောက်ခြင်း မဖြစ်ပါမူ တလအတိုင်းအရှည် (ကာလ ပတ်လုံး)ထိုရဟန်းသည် ယုတ်လျော့သော သင်္ကန်း၏ ပြည့် စုံ လုံလောက်ခြင်းငှါ မျှော်လင့်ချက် ရှိလတ်သော် ထိုသင်္ကန်း ကို ထားရာသည်၊ မျှော်လင့်ချက်ရှိသော်လည်း ထိုတလထက် အလွန် ထားငြားအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ (ဝိ-မြန် ၁-၃၂၀)

## ၄-ပုရာဏစီဝရ သိက္ခာပုဒ်

၄။ အကြင်ရဟန်းသည် ဆွေမျိုးမတော်စပ်သောဘိက္ခုနီ မအား သင်္ကန်းဟောင်းကို ဖွပ်လျှော်စေမူလည်း ဖွပ်လျှော် စေငြားအံ့၊ ဆိုးမူလည်း ဆိုးစေငြားအံ့၊ ရိုက်နယ်မူလည်း ရိုက်နယ်စေငြားအံ့၊(ထိုရဟန်းအား)နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ (ဝိ-မြန် ၁-၃၂၄)

---

(၁)ရက် နေ့မှ သီတင်းကျွတ်လပြည့်နေ့ အထိ (၇) လအတွင်း၌ ဖြစ်ပေါ်သော သင်္ကန်း။

(၁) ကထိန်မခင်းလျှင် တန်ဆောင်မုန်းလပြည့်ကျော် တရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ (၁၁)လ အတွင်း၌ ဖြစ်ပေါ်သော သင်္ကန်း။

(ဂ) သင်္ကန်းကာလ အတွင်း၌သည်း ဤ သင်္ကန်းကား အကာလ သင်္ကန်းတည်းဟု ရည်ညွှန်း၍ လှူအပ်သော သင်္ကန်း။ ဤသုံးမျိုး တည်း။

## ၅-စီဝရပဋိဂ္ဂဟဏ သိက္ခာပုဒ်

၅။ အကြင်ရဟန်းသည် ဆွေမျိုးမတော်စပ်သောဘိက္ခုနီမ၏ လက်မှ သင်္ကန်းကို လဲလှယ်သည်မှတပါး ခံယူငြားအံ့၊ (ထိုရဟန်းအား)နိဿဂ္ဂိ ပါစိတ် အာပတ်သင့်၏။ (ဝိ-မြန် ၁-၃၂၇)

## ၆-အညာတက ဝိညတ္တိ သိက္ခာပုဒ်

၆။ အကြင်ရဟန်းသည် ဆွေမျိုးမတော်စပ်သော အိမ်ရှင်ကိုသော်၎င်း အိမ်ရှင်မကိုသော်၎င်း အခါမှတပါး သင်္ကန်းကို တောင်းငြားအံ့၊ (ထိုရဟန်းအား)နိဿဂ္ဂိပါစိတ် အာပတ်သင့်၏၊ ထိုဆွေမျိုးမတော်စပ်သူကို သင်္ကန်းတောင်းရာ၌ ဤဆိုလတ္တံ့သည်ကား အခါတည်း၊ရဟန်းသည် သင်္ကန်းကို (ခိုးသူ)အလုခံရသည်မူလည်း ဖြစ်၏၊ သင်္ကန်းပျောက်သည်မူလည်း ဖြစ်၏၊ ဤကား ထိုဆွေမျိုးမတော်စပ်သူကို သင်္ကန်းတောင်းရာ၌ အခါတည်း။ (ဝိ-မြန် ၁-၃၃၁)

## ၇-တတုတ္တရိ သိက္ခာပုဒ်

၇။ ထိုရဟန်းကို ဆွေမျိုးမတော်စပ်သော အိမ်ရှင်သော်၎င်း အိမ်ရှင်မသော်၎င်း များစွာသော သင်္ကန်းတို့ဖြင့် ရှေးရှုဆောင်၍ ဖိတ်ကြားငြားအံ့၊ ထိုရဟန်းသည် ထိုဆောင်လာအပ်သော သင်္ကန်းမှ သင်းပိုင်နှင့် တကွ ကောသိမျှသာဖြစ်သော သင်္ကန်းကို သာယာခံယူရမည်၊ ထို့ထက်အလွန်

သာယာ (ခံယူ)ငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၁-၃၃၄)

## ၈-ဥပက္ခဋ သိက္ခာပုဒ်

၈။ ရဟန်းကိုသာလျှင် ရည်ညွှန်း၍ ဆွေမျိုးမတော်စပ်သော အိမ်ရှင်၏သော်ငင်း၊အိမ်ရှင်မ၏သော်ငင်း၊သင်္ကန်းဖိုးကို ဤသင်္ကန်းဖိုးဖြင့် သင်္ကန်းကိုဝယ်၍ ဤမည်သောရဟန်းကို သင်္ကန်းဖြင့် ဖုံးလွှမ်းအံ့[၁] ဟု စီရင်အပ်၏၊ အကယ်၍ ထို ဒါယကာသို့ ထိုရဟန်းသည် ရှေးက မဖိတ်ကြားအပ်ပဲ ချဉ်းကပ်၍ "ဒါယကာ တောင်းပန်ပါသည်၊ငါ့ကို ဒါယကာသည် ဤသင်္ကန်းဖိုးဖြင့် ဤသို့ သဘောရှိသည်လည်း ဖြစ်သော ဤသို့ သဘောရှိသည်လည်း ဖြစ်သော သင်္ကန်းကို ဝယ်၍ ဖုံးလွှမ်းပါလော့" ဟု ကောင်းသည်ကို အလိုရှိသည်၏ အဖြစ်ကို စွဲ၍ သင်္ကန်း၌ အထူးစီရင်ခြင်း[၂]သို့ ရောက်ငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ ။ (ဝိ-မြန် ၁-၃၃၆)

---

၁-သင်္ကန်းဖြင့် ဖုံးလွှမ်းအံ့ ဟူသည် သင်္ကန်းကို လှူဒါန်းအံ့ ဟု ဆိုခြင်းပင်တည်း။

၂-သင်္ကန်း၌ အထူးစီရင်ခြင်းဟူသည် အလျားရှည်ရှည် အနံပြန့်ပြန့် အသားထူထူ နူးညံ့ချောညက်ရန် စီမံခြင်းတည်း။

## ၉-ဒုတိယ ဥပက္ခဋ သိက္ခာပုဒ်

၉။ ရဟန်းကိုသာလျှင် ရည်ညွှန်း၍ နှစ်ဦးကုန်သော ဆွေမျိုး မတော်စပ်ကုန်သော အိမ်ရှင်တို့သည်ရင်း အိမ်ရှင် မတို့သည်ရင်း အသီးအသီးသော သင်္ကန်းဖိုးတို့ကို ငါတို့သည် ဤအသီးအသီးသော သင်္ကန်းဖိုးတို့ဖြင့် အသီးအသီးသော သင်္ကန်းတို့ကို ဝယ်၍ ဤမည်သော ရဟန်းကို သင်္ကန်းတို့ဖြင့် ဖုံးလွှမ်းကုန်အံ့ဟု စီရင်အပ်ကုန်၏၊ အကယ်၍ ထိုရဟန်း သည် ထိုဒါယကာဘို့သို့ ရှေးကမဖိတ်ကြားအပ်ပဲ ချဉ်းကပ်၍ "ဒါယကာတို့ တောင်းပန်တိုက်တွန်းပါသည်၊ငါ့ကို ဤအသီး အသီးသော သင်္ကန်းဖိုးတို့ဖြင့် ဤသို့ သဘောရှိသည်လည်း ဖြစ်သော ဤသို့သဘောရှိသည်လည်းဖြစ်သော သင်္ကန်းကို ဝယ်၍ နှစ်ယောက် ဖြစ်ကြသူတို့သည် တပေါင်းတည်း ဖြစ် ကုန်လျက် ဖုံးလွှမ်းကြကုန်လော့" ဟု ကောင်းသည်ကိုအလို ရှိသည်၏ အဖြစ်[၁] ကို စွဲ၍ သင်္ကန်း၌ အထူး စီရင်ခြင်းသို့ ရောက်ငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၁ ၃၃၉)

## ၁၀-ရာဇ သိက္ခာပုဒ်

၁၀။ ရဟန်းကိုသာလျှင် ရည်ညွှန်း၍ မင်းသော်ရင်း မင်း ခစားသော်ရင်း ပုဏ္ဏားသော်ရင်း အိမ်ရှင်သော်ရင်း "ဤ

---

၁-ကောင်းသည်ကို အလိုရှိသည်၏ အဖြစ်ဟူသည် အဖိုးတန်ကို အလိုရှိ သည်၏ အဖြစ်တည်း။

သင်္ကန်းဖိုးဖြင့် သင်္ကန်းကို ဝယ်၍ ဤမည်သော ရဟန်းကို သင်္ကန်းဖြင့် ဖုံးလွှမ်းလော့”ဟု တမန်ဖြင့် သင်္ကန်းဖိုးကို ပို့စေငြားအံ့၊ အကယ်၍ ထိုတမန်သည် ထိုရဟန်းသို့ ချဉ်းကပ်၍“အသျှင်ဘုရား အသျှင့်ကို ရည်ညွှန်း၍ ဤသင်္ကန်းဖိုးကို ဆောင်လာအပ်ပါသည်၊ အသျှင်သည် သင်္ကန်းဖိုးကို ခံယူတော်မူပါလော့”ဟု ဆိုငြားအံ့၊ ထိုရဟန်းသည် ထိုတမန်ကို“ဒါယကာ ငါတို့သည် သင်္ကန်းဖိုးကိုကား မခံယူကြ၊ ငါတို့သည် သင့်လျော်သော အခါ၌ အပ်စပ်သော သင်္ကန်းကိုသာ ခံယူကုန်၏”ဟု ဆိုရာ၏၊အကယ်၍ ထိုတမန်သည် ထိုရဟန်းကို အသျှင့်အား အမှုကြီးငယ်ကို ပြုသူ တစ်ဦးတယောက် ရှိပါသလော ဟု ဆိုငြားအံ့၊ရဟန်းတို့ သင်္ကန်းကို အလိုရှိသော ရဟန်းသည် အရံစောင့်ကိုသော်၎င်း ဥပါသကာကိုသော်၎င်း“ဒါယကာ ဤသူသည် ရဟန်းတို့၏ အမှုကြီးငယ်ကို ပြုသူတည်း”ဟု အမှုကြီးငယ်ပြုသူကို ညွှန်းရမည်၊ အကယ်၍ ထိုတမန်သည် ထိုအမှုကြီးငယ်ပြုသူကို သိစေပြီးလျှင် ထိုရဟန်းသို့ ချဉ်းကပ်၍“အသျှင်ဘုရား အသျှင်သည် ညွှန်းအပ်သော အမှုကြီးငယ် ပြုသူကို အကျွန်ုပ်သည် သိစေအပ်ပြီးပါပြီ၊ အသျှင်သည် သင့်လျော်သောအခါ၌ ချဉ်းကပ်တော်မူလော့၊ အသျှင့်ကို သင်္ကန်းဖြင့် ဖုံးလွှမ်းလှူပါလိမ့်မည်”ဟု ဆိုငြားအံ့၊ ရဟန်းတို့ သင်္ကန်းကို အလိုရှိသော ရဟန်းသည် အမှုကြီးငယ် ပြုသူသို့ ချဉ်းကပ်၍“ဒါယကာ ငါ့အား သင်္ကန်းဖြင့် အလိုရှိသည်”ဟု နှစ်ကြိမ်

သုံးကြိမ် တောင်းရမည်၊ သတိပေးရမည်၊ နှစ်ကြိမ် သုံးကြိမ် တောင်းလတ်သော် သတိပေးလတ်သော် ထိုသင်္ကန်းကို ပြီးစေငြားအံ့၊ ဤသို့ ပြီးစေခြင်းသည် ကောင်း၏၊ အကယ်၍ မပြီးစေငြားအံ့၊ လေးကြိမ် ငါးကြိမ် ခြောက်ကြိမ်တိုင်ရုံမျှ ဆိတ်ဆိတ်ဖြစ်လျက် ရည်မှတ်၍ ရပ်ရမည်၊ လေးကြိမ် ငါး ကြိမ် ခြောက်ကြိမ်တိုင်ရုံမျှ ဆိတ်ဆိတ်ဖြစ်လျက် ရည်မှတ်၍ ရပ်သည်ရှိသော် ထိုသင်္ကန်းကို ပြီးစေငြားအံ့၊ ဤသို့ ပြီးစေခြင်းသည် ကောင်း၏၊ အကယ်၍ ထို(နှစ်ကြိမ် သုံးကြိမ် တောင်းခြင်း သတိပေးခြင်း၊ လေးကြိမ် ငါးကြိမ် ခြောက်ကြိမ် ရပ်ခြင်း)ထက် အလွန် အားထုတ်သည် ဖြစ်၍ ထို သင်္ကန်းကို ပြီးစေငြားအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏၊ အကယ်၍ မပြီးစေငြားအံ့၊ သင်္ကန်းဖိုးဆောင်လာသူ မူလ ဒါယကာ အထံ "ဒါယကာတို့ သင်တို့သည် ရဟန်းကို ရည်ညွှန်း၍ ပို့အပ်သော သင်္ကန်းဖိုးသည် ထိုရဟန်းအား အကျိုးတစုံတရာ မခံစားရ၊ ဒါယကာတို့ မိမိဥစ္စာကို တောင်းကြကုန်လော့၊ သင်တို့၏ဥစ္စာကို မပျက်စီးစေလင့်" ဟု ကိုယ်တိုင်သော်လည်း သွားရမည်၊ တမန်ကိုသော်လည်း စေရမည်၊ ဤသည်ကား ထိုသင်္ကန်းဖိုး ပို့စေရာ၌ ကျင့်ဝတ် တည်း။ ။(ဝိ-မြန် ၁-၃၄၃)

ပဉ္စမဖြစ်သော စီဝရဝဂ် ပြီး၏။

## ၂-ကောသိယဝဂ်

### ၁-ကောသိယ သိက္ခာပုဒ်

၁၁။ အကြင်ရဟန်းသည် ပိုးချည်နှင့်ရောသောအခင်းကို ပြုလုပ်စေငြားအံ့၊ (ထိုရဟန်းအား)နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၁-၃၄၇)

### ၂-သုဒ္ဓကာဠက သိက္ခာပုဒ်

၁၂။ အကြင်ရဟန်းသည် အမည်းသက်သက် ဖြစ်သော သိုးမွေးအခင်းကို ပြုလုပ်စေငြားအံ့၊ (ထို ရဟန်းအား) နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ ။(ဝိ-မြန် ၁-၃၄၉)

### ၃-ဒွေဘာဂ သိက္ခာပုဒ်

၁၃။ အခင်းသစ်ကို ပြုလုပ်စေလိုသော ရဟန်းသည် အမည်းသက်သက် ဖြစ်သော သိုးမွေးနှစ်ဖို့တို့ကို ထည့်သွင်း ရမည်၊ အဖြူ(သိုးမွေး) သုံးခုမြောက် တဖို့ကို၊ အကြောင် (သိုးမွေး)လေးခုမြောက်တဖို့ကို ထည့်သွင်းရမည်၊အကယ်၍ ရဟန်းသည် အမည်းသက်သက် သိုးမွေးနှစ်ဖို့တို့ကို အဖြူ (သိုးမွေး) သုံးခုမြောက် တဖို့ကို အကြောင် (သိုးမွေး) လေးခုမြောက် တဖို့ကို မထည့်သွင်းပဲ အခင်းသစ်ကို ပြုစေ ငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ (ဝိ-မြန် ၁-၃၅၀)

## ၄-ဆဗ္ဗဿ သိက္ခာပုဒ်

၁၄။ ရဟန်းသည် အခင်းသစ်ကို ပြုစေ၍ ခြောက်နှစ်တို့ ပတ်လုံး ဆောင်ရမည်။ အကယ်၍ ခြောက်နှစ်အတွင်း ထို အခင်းကို စွန့်၍သော်ငြားလည်း မစွန့်ပဲသော်ငြားလည်း သမ္မုတိရသော ရဟန်းမှ တပါး အခြား အခင်းသစ်ကို ပြုစေငြားအံ့၊ (ထို ရဟန်းအား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၁-၃၅၄)

## ၅-နိသီဒနသန္ထတ သိက္ခာပုဒ်

၁၅။ နိသီဒိုင်[၁] အခင်းကို ပြုလုပ်စေလိုသော ရဟန်း သည် အခင်း ဟောင်း၏ ထက်ဝန်းကျင်မှ မြတ်စွာဘုရား

---

၁-နိသီဒိုင်ပြုလုပ်လိုသော အဝတ်အထည်ကို မြတ်စွာဘုရား အထွာတော် ဖြင့်အလျား နှစ်ထွာ အနံ တထွာခွဲထက် မပိုသော အခင်းကို ပြုလုပ် ပြီးလျှင် မိမိလိုရာ တဖက်ဖက်က မြတ်စွာဘုရား တထွာထက် မပို သော အမြိတ်အဆာကို တပ်ပြီးလျှင် နှစ်နေရာ၌ ခွဲထားရသည်၊ ဤကဲ့သို့ ပြုလုပ်ထားသော် အမြိတ်အဆာ သုံးခုကွဲလျက်ရှိ၏၊ သက်နှီး ကျောင်း အိပ်ရာ နေရာ ကိုယ်ကို စောင့်ရှောက်ရန် ပညတ်တော်မူ သောကြောင့်ငြား နိသီဒိုင်ကို သုက်နှီးသက်နှီးဟုလည်း ခေါ်ကြသည်။ ဤနိသီဒိုင်ကို ဆွမ်းစားရာ၌ အခင်းအဖြစ်ဖြင့်လည်း အသုံးပြုနိုင်သည်၊ အိပ်သောအခါ သင်းပိုင် အတွင်းကခံ၍ ဝတ်လျက် အလယ်စကို နောက်ဖက်သို့ ခါးတောင်းကျိုက်သကဲ့သို့ငြား နောက်ကခံဝတ်လျှင် အလယ်စကို ပေါင်ကြားမှ ရှေ့သို့ယူ၍ငြား ကြိုးငယ်ဖြင့် ချည်၍ အဝတ်အဖြစ်ဖြင့်လည်း အသုံးပြုနိုင်သည်။

အထွာတော် ပမာဏမျှလောက်ကို အဆင်း ပျက်အောင် ပြုခြင်းငှါ ယူရမည်၊ ရဟန်းသည် အခင်းဟောင်း၏ ထက် ဝန်းကျင်မှ မြတ်စွာဘုရား အထွာတော် ပမာဏမျှလောက်ကို မယူပဲ နိသီဒိုင် အခင်း သစ်ကို ပြုစေငြားအံ့၊ (ထိုရဟန်း အား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ။ (ဝိ-မြန် ၁-၃၅၇)

## ၆-ဧဠကလောမ သိက္ခာပုဒ်

၁၆။ ရှည်သော ခရီးသို့ သွားသော ရဟန်းအား သိုးမွေး တို့သည် ဖြစ်ပေါ်ကုန်ငြားအံ့၊ အလိုရှိသော ရဟန်းသည် ခံယူရာသည်၊ ခံယူပြီးနောက် ဆောင်ယူမည့်သူ မရှိခဲ့သော် သုံးယူဇနာတိုင်တိုင် မိမိလက်ဖြင့်ဆောင်ယူနိုင်သည်၊အကယ် ၍ ထိုသုံးယူဇနာထက် အလွန်ဆောင်ငြားအံ့၊ ဆောင်ယူမည့် သူ မရှိသော်လည်း (ထို ရဟန်းအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၁-၃၆၀)

## ၇-ဧဠကလောမ ဓောဝါပန သိက္ခာပုဒ်

၁၇။ အကြင် ရဟန်းသည် ဆွေမျိုး မတော်စပ်သော ဘိက္ခုနီမအား သိုးမွေးတို့ကို ဖွပ်မူလည်း ဖွပ်စေငြားအံ့၊ ဆိုးမူလည်း ဆိုးစေငြားအံ့၊ ဖြေရှင်းမူလည်း ဖြေရှင်းစေငြား အံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ် အာပတ်သင့်၏။ ။ (ဝိ-မြန် ၁-၃၆၂)

## ၈-ရူပိယ သိက္ခာပုဒ်

၁၈။ အကြင် ရဟန်းသည် ရွှေ ငွေကို (ကိုယ်တိုင် သော်လည်း) ခံယူငြားအံ့၊ (သူတပါးကို သော်လည်း)ခံယူ စေငြားအံ့၊ အနီး၌ ချထားအပ်သည်ကိုသော်လည်း သာယာ ငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့် ၏။ ။(ဝိ-မြန် ၁-၃၆၅)

## ၉-ရူပိယသံဝေါဟာရ သိက္ခာပုဒ်

၁၉။ အကြင် ရဟန်းသည် အထူးထူး အပြားပြား[၁]သော ရွှေ ငွေ လဲလှယ် ရောင်းဝယ်ခြင်းသို့ ရောက်ငြားအံ့၊ (ထို ရဟန်းအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၁-၃၆၇)

## ၁၀-ကယဝိက္ကယ သိက္ခာပုဒ်

၂၀။ အကြင်ရဟန်းသည် အထူးထူးအပြားပြားရှိသော[၂] ဝယ်ခြင်း ရောင်းခြင်းသို့ ရောက်ငြားအံ့၊ (ထို ရဟန်းအား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၁-၃၇၁)

ကောသိယဝဂ် ပြီး၏

---

၁-အထူးထူး အပြားပြား ဟူသည် လက်ဝတ်တန်ဆာ စသည် ပြုလုပ်ပြီး သော ရွှေငွေ, မပြုလုပ်ရသေးသော ရွှေငွေ, ပြုပြီး မပြုရသေး နှစ်မျိုး သော ရွှေငွေတည်း။

၂-အထူးထူး အပြားပြားရှိသော ဟူသည် သက်န်းစသော ပရိက္ခရာ အသုံးအဆောင်တည်း။

## ၃-ပတ္တဝဂ်

### ၁-ပတ္တ သိက္ခာပုဒ်

၂၁။ ဆယ်ရက် အပိုင်း အခြား ရှိသော ကာလပတ်လုံး အပို သပိတ်[၁] ကို ဆောင်နိုင်သည်၊ ထို (ဆယ်ရက် အပိုင်း အခြားရှိသော ကာလ)ကို လွန်စေသော ရဟန်းအား နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၁-၃၇၃)

### ၂-ဦနပဉ္စဗန္ဓန သိက္ခာပုဒ်

၂၂။ အကြင် ရဟန်း သည် ငါးဖွဲ့[၂] မပြည့်သေးသော သပိတ်ရှိလျက် အခြားသပိတ်သစ်ကို တောင်းငြားအံ့၊နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏၊ ထို ရဟန်းသည် ထိုသပိတ်သစ်ကို ရဟန်းပရိသတ်၌ စွန့်ရမည်၊ ထိုရဟန်းပရိသတ်၌ နောက်ဆုံး သပိတ်ကို[၃] "ရဟန်း သင်သည် ဤသပိတ်ကို ကွဲသည်တိုင် အောင် ဆောင်ရမည်"ဟု(ဆို၍)ထိုရဟန်းအား ပေးရမည်၊

---

၁-အပိုသပိတ် ဟူသည် အဓိဋ္ဌာန်မတင်အပ်, ဝိကပ္ပနာ မပြုအပ်သော သပိတ်တည်း။

၂-ငါးဖွဲ့ဟူသည် ကွဲအက်သောနေရာ၌ ဖောက်၍ချည်တုပ်ထားခြင်းတည်း။ လက်နှစ်သစ်ကြား တဖွဲ့ဖွဲ့ရမည်၊ ငါးဖွဲ့ပြည့်သော် သပိတ်သစ် တောင်း နိုင်သည်။

၃-နောက်ဆုံး သပိတ် ဟူသည် စွန့်လိုက်သော သပိတ်ကို သမ္မုတိရပြီး သောရဟန်းကခံယူ၍ မထေရ်ကြီးအား ပေးရသည်၊မထေရ်ကြီး အလို မရှိသော သပိတ်ကို ဒုတိယမထေရ်အား ပေးရမည်၊ ဤနည်းဖြင့် အငယ်ဆုံးရဟန်းတိုင်အောင် ပေးရမည်၊ နောက်ဆုံးရဟန်းငယ် အလို မရှိသော သပိတ်သည် နောက်ဆုံးသပိတ်မည်၏။

ဤသည်ကား ထို သပိတ်ကို တောင်းရာ၌ ကျင့်ဝတ် တည်း။ ။(ဝိ-မြန် ၁-၃၇၇)

## ၃-ဘေသဇ္ဇ သိက္ခာပုဒ်

၂၃။ မကျန်းမာသော ရဟန်းတို့အား သုံးဆောင်ဖွယ် ဖြစ်ကုန်သော အကြင် ဆေးတို့သည် ဖြစ်ပေါ်ကုန်၏၊ ဤ ဆေးတို့ကား အဘယ်တို့နည်း၊ ထောပတ်,ဆီဦ,ဆီ,ပျားရည်, တင်လဲတို့တည်း၊ ထိုဆေးတို့ကို အကပ်ခံ၍ ခုနစ်ရက် အပိုင်း အခြားရှိသော ကာလပတ်လုံး သိုမှီး သိမ်းဆည်းခြင်းကို ပြု၍ သုံးဆောင်နိုင်သည်၊ ထို ခုနစ်ရက်ကို လွန်စေသော ရဟန်းအား နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၁-၃၈၄)

## ၄-ဝဿိကသာဋိက သိက္ခာပုဒ်

၂၄။ ရဟန်းသည် နွေလတို့၏ တလကြွင်းကျန်[၁] သေး သည်ဟု သိ၍ မိုးရေခံ သင်္ကန်းကို ရှာနိုင်သည်၊ နွေလတို့၏ လဝက် ကြွင်းကျန်[၂] သေး၏ဟု သိ၍ ချုပ်ဆိုး ဝတ်ရမည်၊ အကယ်၍ နွေလတို့၏ တလ ကြွင်းကျန်သေးသည်ဟု သိ၍

---

၁-နွေလတို့၏ တလကြွင်း ဟူသည် နယုန်လပြည့်ကျော် တရက်နေ့က ဝါဆိုလပြည့်နေ့အထိ နောက်ဆုံး တလတည်း၊ ဤအခါ၌ မိုးရေခံ သင်္ကန်းကို ရှာနိုင်သည်။

၂-နွေလတို့၏ လဝက်ကြွင်း ဟူသည် ဝါဆိုလဆန်း တရက်နေ့မှ လပြည့်နေ့ အထိ ၁၅-ရက်တည်း၊ဤအခါ၌ မိုးရေခံသင်္ကန်းကို ချုပ်ဆိုးဝတ်နိုင် သည်။

ဤမှာဘက် အတွင်း၌[၁] မိုဃ်းရေခံ သင်္ကန်းကို ရှာငြားအံ့၊ နွေလတို့၏ လဝက်ကြွင်းကျန်သေးသည်ဟု သိ၍ ဤမှာ ဘက် အတွင်း၌ ချုပ်ဆိုး ဝတ်ငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၁-၃၇၆)

## ၅-စီဝရအစ္ဆိန္ဒန သိက္ခာပုဒ်

၂၅။ အကြင် ရဟန်းသည် ရဟန်းအား ကိုယ်တိုင် သင်္ကန်းကို ပေး၍ အမျက်ထွက်လျက် နှလုံးမသာ သဖြင့် (ကိုယ်တိုင်သော်လည်း) လုယူငြားအံ့၊ (သူတပါးတို့ကိုသော် လည်း) လုယူစေ ငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၁-၃၇၉)

## ၆-သုတ္တဝိညတ္တိ သိက္ခာပုဒ်

၂၆။ အကြင် ရဟန်းသည် ကိုယ်တိုင် ချည်ကို တောင်း၍ ရက်ကန်းသည် တို့ကို သင်္ကန်း ရက်စေငြားအံ့၊ (ထိုရဟန်း အား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၁-၃၈၁)

## ၇-မဟာပေသကာရ သိက္ခာပုဒ်

၂၇။ ရဟန်းကို သာလျှင် ရည်ညွှန်း၍ ဆွေမျိုးမတော် စပ်သော အိမ်ရှင်ကသော်ငြင်း အိမ်ရှင်မ-ကသော်ငြင်း ရက်

---

၁-ဤမှာဘက် အတွင်း ဟူသည်- နယုန်လပြည့်ကျော် တရက်မတိုင်မီ နွေလ ဆောင်းလတည်း။

ကန်းသည်ဘို့ကို သက်နံး ရက်စေငြားအံ့၊ အကယ်၍ ထို ရဟန်းသည် ရှေးက မဘိဘ်ကြားအပ်ပဲ ရက်ကန်းသည်တို့ ထံသို့ ချည်းကပ်၍ “ဒါယကာတို့ ဤသင်္ကန်းသည် ငါ့ကို ရည်ညွှန်း၍ ရက်အပ်၏၊ အလျားရှည်ရှည် အနံပြန့်ပြန့် အသား ထူထူ ပြုကြလော့၊ ကောင်းစွာ ရက်အပ် ရှယ်အပ် နယ်ဖြင့်ကန်အပ် ဖြီးအပ်သည်ကိုလည်း ပြုကြကုန်လော့၊ ငါ တို့သည် ဒါယကာတို့အား အနည်းငယ်မျှ ပေးကမ်းဖွယ်ကို ပေးကမ်း နိုင်ကုန်ရာ၏” ဟု သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်ငြားအံ့၊ ထိုရဟန်းသည် ဤသို့ ဆို၍ အနည်းငယ်မျှ ပေးကမ်းဖွယ်ကို ပေးကမ်းငြားအံ့၊ အယုတ်သဖြင့် ဆွမ်း မျှကို သော်လည်း ပေးကမ်းငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၁-၃၉၄)

## ၈-အစ္စေကစီဝရ သိက္ခာပုဒ်

၂၈။ ဆယ်ရက် လိုသေးသော သီတင်းကျွတ် လပြည့် နေ့ ^၁ ၌ ရဟန်းအား သာလျှင် အဆော တလျင် လှူအပ် သော သင်္ကန်း ဖြစ်ပေါ် ငြားအံ့၊ အဆောတလျင်ဟု သိသော ရဟန်းသည် ခံယူရမည်၊ ခံယူပြီးနောက် သင်္ကန်း အချိန်

---

၁-ဆယ်ရက် လိုသေးသော သီတင်းကျွတ်လပြည့်ခနေ့ ဟူသည်- သီတင်း ကျွတ် လဆန်း ငါးရက်နေ့ပင်တည်း။

အခါ ကာလ [၁] တိုင်အောင် ထားရမည်၊ အကယ်၍ ထိုထက် အလွန် ထား ငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၁-၃၉၇)

## ၉-သာသက် သိက္ခာပုဒ်

၂၉။ ဝါကပ်ပြီးနောက် တန်ဆောင်မုန်း လပြည့်နေ့၌ ရွံရှာဖွယ် ရှိ၏ [၂] ဟု သမုတ်အပ်ကုန်သော ဘေးဘျမ်း ရှိ [၃] ကုန်သော အကြင် တောကျောင်း တို့သည် ရှိကုန်၏၊ ထိုသို့ သဘော ရှိကုန်သော ကျောင်းတို့၌ နေသော ရဟန်းသည် အလိုရှိလတ်သော် သင်္ကန်း သုံးထည်တို့တွင် တထည်သော သင်္ကန်းကို ရွာတွင်း၌ ထားရာ၏၊ ထိုရဟန်းအား ထိုသင်္ကန်းနှင့်ကင်း၍နေခြင်းငှါ အကြောင်းတစုံတရာရှိငြားအံ့၊ ခြောက် ည၌ အပိုင်းအခြားရှိသော ကာလပတ်လုံး ထိုရဟန်းသည် ထိုသင်္ကန်းနှင့် ကင်း၍ နေနိုင်၏၊ အကယ်၍ ထိုထက် အလွန်

---

၁-သင်္ကန်း အခါ်ကာလ ဟူသည် ကထိန်မခင်းလျှင် သီတင်းကျွတ် လပြည့်ကျော် တရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တလ တည်း။ ကထိန်ခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် တရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ငါးလတည်း။

၂-ရွံရှာဖွယ်ရှိ၏ဟူသည်-အရံ အရံ၏ ဥပစာ၌ ခိုးသူတို့ ဝင်ရာ စားရာ ရပ်ရာ ထိုင်ရာ လျောင်းရာတို့ကို တွေ့မြင်ရ၍ အန္တရာယ် ဖြစ်လိမ့်မည် ဟု ယုံမှားသံသယရှိခြင်းတည်း။

၃-ဘေးဘျမ်းရှိဟူသည်-အရံ အရံ၏ ဥပစာ၌ ခိုးသူတို့ သတ်အပ် လုယက် အပ် နှိပ်စက်အပ်သည်တို့ ကို တွေ့ရခြင်းတည်း။

ကင်း၍ နေငြားအံ့ ရဟန်းတို့ သမ္မုတိ ပေးခြင်းကိုထား၍ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ။ (ဝိ-မြန် ၁-၃၉၉)

### ၁၀-ပရိဏတ သိက္ခာပုဒ်

၃၀။ အကြင် ရဟန်းသည် သိလျက် (သံဃာသို့)ညွတ်ပြီးသော သံဃိကလာဘ်ကို မိမိအား ညွတ်စေငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ။ (ဝိ-မြန် ၁-၄၀၂)

သုံးခုမြောက်သော ပတ္တဝဂ် ပြီး၏။

---

အသျှင်တို့ သုံးဆယ်သော နိဿဂ္ဂိ ပါစိတ် အာပတ်တို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ ထို နိဿဂ္ဂိ ပါစိတ် အာပတ်တို့၌ အရှင်တို့ကို မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ နှစ်ကြိမ် မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ် မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ အရှင်တို့သည် ဤနိဿဂ္ဂိ ပါစိတ် အာပတ် တို့၌ အာပတ်မှ စင်ကြယ်ကြပါ၏၊ ထို့ကြောင့် ဆိတ်ဆိတ် နေကြကုန်၏၊ ဤသို့ ဆိတ်ဆိတ် နေသဖြင့် ဤအာပတ်မှ စင်ကြယ်သည်၏ အဖြစ်ကို သိမှတ်ရပါသည်။

နိဿဂ္ဂိပါစိတ် ပြီး၏။

## ပါစိတ်သိက္ခာပုဒ် ၉၂-မြန်မာပြန်

အရှင်တို့ ဤ ၉၂-ပါးသော ပါစိတ်[၁] အာပတ်တို့သည် သရုပ်အားဖြင့် ပြဆိုအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။

### ၁-မုသာဝါဒဝဂ်

#### ၁-မုသာဝါဒ သိက္ခာပုဒ်

၁။ သိလျက် မဟုတ်မမှန်ကို ပြောဆိုခြင်းကြောင့် ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၂)

#### ၂-ဩမသဝါဒ သိက္ခာပုဒ်

၂။ ထိခိုက် နာကျင်အောင် ပြောဆိုခြင်း[၂] ကြောင့် ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၁၀)

#### ၃-ပေသုည သိက္ခာပုဒ်

၃။ ရဟန်းတို့အား ချောပစ် ဂုံးတိုက်သော စကားကို ပြောဆိုခြင်းကြောင့် ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၂၄)

---

၁-ကုသိုလ်စိတ်ကို လျှောကျစေတတ်သောကြောင့် ပါစိတ် မည်၏။
၂-ထိခိုက် နာကျင်အောင် ပြောဆိုခြင်း ဟူသည် အမျိုး,ဇာတ်,အမည်, အနွယ်, အလုပ်, အတတ်ပညာ, အနာရောဂါ, အသွင်ပုံသဏ္ဍာန် ကိလေသာ,အာပတ် ဆဲရေးခြင်းဟူသော အခြင်းအရာဆယ်ပါးတို့ဖြင့် ထိခိုက် နာကျင်အောင် ပြောဆိုခြင်း။

## ၄-ပဒသောဓမ္မ သိက္ခာပုဒ်

၄။ အကြင် ရဟန်းသည် ရဟန်း မဟုတ်သူ[၁] အား တရားကို ပုဒ်ပြိုင် ပို့ချ[၂] ငြားအံ့၊ (ထို ရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၂၉)

## ၅-သဟသေယျ သိက္ခာပုဒ်

၅။ အကြင် ရဟန်းသည် ရဟန်း မဟုတ်သူ[၃] နှင့် နှစ်ညဥ့် သုံးညဥ့်ထက် အလွန် (တမိုးတရံတည်းသော ကျောင်း၌) အတူတကွ အိပ်ခြင်းကို ပြုငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၃၂)

## ၆-ဒုတိယ သဟသေယျ သိက္ခာပုဒ်

၆။ အကြင် ရဟန်းသည် မာတုဂါမနှင့် အတူ အိပ်ခြင်းကို ပြုငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ (ဝိ-မြန် ၂-၃၅)

---

၁-ရဟန်းမဟုတ်သူ ဟူသည်-ရဟန်း, ရဟန်းမကို ချန်ထား ကြွင်းကျန်သူတို့တည်း။

၂-ပုဒ်ပြိုင်ပို့ချခြင်း ဟူသည်-တပြိုင်နက် ရွတ်ဆို၍ တပြိုင်နက် ပြီးဆုံးစေခြင်း၊ အချီအချ ပြိုင်တူ ရွတ်ဆိုခြင်းတည်း။

၃-ရဟန်းမဟုဘ်သူ-ဟူသည်-ရဟန်းကို ချန်ထား၍ ကြွင်းကျန်သူတို့တည်း။

## ၇-ဓမ္မဒေသနာ သိက္ခာပုဒ်

၇။ အကြင် ရဟန်းသည် သိကြားလိမ္မာသူ လူ ယောကျ်ားမရှိပဲ မာတုဂါမအား ငါးခွန်း ခြောက်ခွန်းထက် အလွန် တရားဟောငြားအံ့၊ (ထို ရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၃၉)

## ၈-ဘူတာရောစန သိက္ခာပုဒ်

၈။ အကြင် ရဟန်းသည် ရဟန်း မဟုတ်သော သူအား သူတို့၏ ကုသိုလ် ကမ္မပထ တရား ဆယ်ပါးထက် လွန်မြတ် သော ဈာန်မဂ်ဖိုလ် တရားကို ပြောကြားငြားအံ့၊ပြောတိုင်း ဟုတ်မှန်သော် (ထို ရဟန်းအား) ပါစိတ် အာပတ် သင့်၏။ (ဝိ-မြန် ၂-၄၃)

## ၉-ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်

၉။ အကြင် ရဟန်းသည် ရဟန်း၏ ရှုန့်ရင်းသော အာပတ်ကို[၁] ရဟန်းတို့၏ သမ္မုတိ မရပဲ ရဟန်း မဟုတ်သူ အား ပြောကြားငြားအံ့၊ (ထိုရဟန်းအား)ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၅၂)

---

၁-ရှုန့်ရင်းသော အာပတ် ဟူသည် ပါရာဇိကလေးပါး သံဃာဒိသိသ် တဆယ့်သုံးပါးတည်း။

### ၁၀-ပထဝီခဏန သိက္ခာပုဒ်

၁၀။ အကြင် ရဟန်းသည် မြေကို ကိုယ်တိုင်မူလည်း တူးငြားအံ့၊ သူတပါးကိုမူလည်း တူးစေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၅၄)

မုသာဝါဒဝဂ် ပြီး၏။

---

## ၂-ဘူတဂါမဝဂ်

### ၁-ဘူတဂါမ သိက္ခာပုဒ်

၁၁။ ကြီးပွါးပြီး ကြီးပွါးဆဲဖြစ်သော မျိုးစေ့ [၁] မြက်သစ်ပင် အပေါင်းကို ခုတ်ဖြတ်ဖျက်ဆီးခြင်းကြောင့် ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၅၇)

### ၂-အညဝါဒက သိက္ခာပုဒ်

၁၂။ မေးသည်မှ တပါးသော စကားကို ပြောဆိုခြင်း ဆိတ်ဆိတ် နေခြင်းဖြင့် သံဃာကို ညှဉ်းဆဲခြင်းကြောင့် ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၆၁)

---

၁-မျိုးစေ့ ဟူသည် အမြစ်မျိုးစေ့, ပင်စည်မျိုးစေ့, အဆစ်မျိုးစေ့, အညွန့်မျိုးစေ့, အစေ့မျိုးစေ့ ဟူသော အပင်ပေါက်နိုင်သော မျိုးစေ့ ငါးမျိုးတည်း၊ ဤငါးမျိုးကို ဘုဉ်းပေး သုံးဆောင်လိုသော အခါ ရဟန်းတော်က ကပ္ပိယံ ကရောဟိ-ဟုဆို၍ လူသာမဏေက ကပ္ပိယံ ဘန္တေ-ဟု

## ၃-ဥဇ္ဈာပနက သိက္ခာပုဒ်

၁၃။ ကဲ့ရဲ့ခြင်း ရှုတ်ချ ပြောဆိုခြင်းကြောင့် ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၆၃)

## ၄-ပဌမသေနာသန သိက္ခာပုဒ်

၁၄။ အကြင် ရဟန်းသည် သံဃာ၏ဥစ္စာ သံဃိကဖြစ်သော ညောင်စောင်း ခုတင်ကို သော်၎င်း အင်းပျဉ် ခုံရှည်ကို သော်၎င်း ဘုံလျှို့ဖုံကိုသော်၎င်း ဖျာ အခင်းကို သော်၎င်း လွင်တီးခေါင်၌ (ကိုယ်တိုင်) ခင်း၍၎င်း (သူတပါးကို) ခင်းစေ၍၎င်း ဖဲသွားသော် ထိုသံဃိကညောင်စောင်း အင်းပျဉ် စသည်ကို ကိုယ်တိုင်မှုလည်း မသိမ်းငြားအံ့၊ သူတပါးကို မှုလည်း မသိမ်း စေငြားအံ့၊မပန်ကြားမူ၍လည်း ဖဲသွားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၆၅)

## ၅-ဒုတိယသေနာသန သိက္ခာပုဒ်

၁၅။အကြင် ရဟန်းသည် သံဃိက ကျောင်း၌ အိပ်ရာ နေရာကို ခင်း၍ သော်၎င်း ခင်းစေ၍ သော်၎င်း ထိုအိပ်ရာ နေရာကို ကိုယ်တိုင် မှုလည်း မသိမ်းငြားအံ့၊ သူတပါးကို

---

ဆိုလျက် မီးဖြင့်၎င်း ဓားဖြင့်၎င်း လက်သည်းဖြင့်၎င်း ထိုးခုတ် ဆိတ် ဖြတ်လိုက်ရသည်၊ ယင်းသို့ ကပ္ပိစေပြီးမှ ဘုဉ်းပေးသုံးဆောင်ရသည်။

မှုလည်း မသိမ်းစေငြားအံ့၊ မပန်ကြား မူ၍ သော်လည်း ဖဲသွားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ (ဝိ-မြန် ၂-၆၈)

## ၆-အနုပခဇ္ဇ သိက္ခာပုဒ်

၁၆။ အကြင် ရဟန်းသည် သံဃိကကျောင်း၌ ရှေးဦး နေလင့်သော ရဟန်းကို သိလျက် တိုးဝှေ့၍ အကြင်ရဟန်း အား ကျဉ်းမြောင်း ကျပ်တည်းလတ္တံ့၊ ထိုရဟန်းသည် ဖဲသွားလတ္တံ့ဟု ဖဲသွားစေလိုခြင်းကိုသာ အကြောင်းပြု၍ အကြောင်း တပါးမရှိပဲ အိပ်ခြင်းကို ပြုငြားအံ့၊ (ထိုရဟန်း အား) ပါစိတ် အာပဘ် သင့်၏။ ။(ဝိ-မြန် ၂-၇၀)

## ၇-နိက္ကဍ္ဎန သိက္ခာပုဒ်

၁၇။ အကြင် ရဟန်းသည် (တပါးသော) ရဟန်းကို အမျက်ထွက်ကာ နှလုံးမသာသဖြင့် သံဃိကကျောင်းမှ ကိုယ်တိုင် နှင်ထုတ်ငြားအံ့၊ သူတပါးကိုမူလည်း နှင်ထုတ် စေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။ (ဝိ-မြန် ၂-၇၃)

## ၈-ဝေဟာသကုဋိ သိက္ခာပုဒ်

၁၈။ အကြင် ရဟန်းသည် သံဃိက ကျောင်းဝယ် အထက်ဆင့်တွင် ပျဉ်မခင်း၍ ဟင်းလင်း အပြင်ရှိသော

ကုဋိ၌ အပေါ်တွင် အခြေတပ်သော ညောင်စောင်းကို သော်ရင်း အင်းပျဉ်ကိုသော်ရင်း ဖိ၍မူလည်း ထိုင်ငြားအံ့၊ ဖိ၍မူလည်း အိပ်ငြားအံ့၊ (ထိုရဟန်းအား)ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၇၅)

## ၉-မဟလ္လကဝိဟာရ သိက္ခာပုဒ်

၁၉။ ကြီးသော ကျောင်းကို ဆောက်လုပ်စေလိုသော ရဟန်းသည် တံခါး အိမ်တိုင်အောင် တံခါးရွက်ကို ထားခြင်း ငှါရင်း တံခါးပေါင်နှင့် တံခါးရွက်ကို မတုန်လှုပ် စေခြင်းငှါ ရင်း လေသာတံခါးရွက်ကို အပြေအပြစ် ပြုခြင်းငှါရင်း အထပ်ထပ် လိမ်းကျံအပ်၏၊ အထပ်ထပ်လိမ်းကျံစေအပ်၏၊ အမိုးနှစ်ထပ် သုံးထပ် နှစ်စဉ် သုံးစဉ် မိုးခြင်းကို စိမ်းသော ကောက်ပဲမရှိရာ အရပ်၌ ရပ်၍ စီရင်အပ်၏၊ ထိုနှစ်ထပ် သုံး ထပ် မိုးခြင်းထက် အလွန် စိမ်းသောကောက်ပဲ မရှိရာ အရပ် ၌လည်း ရပ်၍ စီရင်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၇၇)

## ၁၀-သပ္ပါဏက သိက္ခာပုဒ်

၂၀။ အကြင် ရဟန်းသည် သိလျက် ပိုးရှိသော ရေကို မြက်၌ သော်ရင်း မြေ၌ သော်ရင်း ကိုယ်တိုင် မူလည်း သွန်း လောင်း ငြားအံ့၊ သူတပါးကို မူလည်း သွန်းလောင်း စေ

ငြားအံ့၊ (ထို ရဟန်းအား ) ပါစိတ် အာပတ် သင့်၏။ ။ (ဝိ-မြန် ၂-၇၉)

ဘုတဂါမဝဂ် ပြီး၏။

---

## ၃-ဩဝါဒဝဂ်

### ၁-ဩဝါဒ သိက္ခာပုဒ်

၂၁။ အကြင် ရဟန်းသည် သမ္မုတိမရပဲ ရဟန်းမတို့ကို ဆုံးမငြားအံ့ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။ (ဝိ-မြန် ၂-၈၂)

### ၂-အတ္ထင်္ဂတ သိက္ခာပုဒ်

၂၂။ သမ္မုတိရသော ရဟန်းသည်လည်း နေဝင်သည် တိုင်အောင် ရဟန်းမတို့ကို အကယ်၍ ဆုံးမငြားအံ့၊ (ထို ရဟန်းအား)ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၈၉)

### ၃-ဘိက္ခုနုပဿယ သိက္ခာပုဒ်

၂၃။ အကြင် ရဟန်းသည် အခါသမယမှ တပါး ရဟန်းမ တို့ ကျောင်းသို့ ချဉ်းကပ်လျက် ရဟန်းမတို့ကို ဆုံးမငြား အံ့၊ ထိုရဟန်းအား ပါစိတ် အာပတ် သင့်၏၊ ထိုရဟန်းမတို့ ကျောင်းသို့ သွား၍ ဆုံးမရာ၌ ဤ ဆိုလတ္တံ့သည်ကား

အခါသမယတည်း၊ ရဟန်းမသည် ဖျားနာ၍၊ ဤကား ထို ရဟန်းမတို့ ကျောင်းသို့ သွား၍ ဆုံးမရာ၌ အခါသမယ တည်း။ ။(ဝိ-မြန် ၂-၉၁)

## ၄-အာမိသ သိက္ခာပုဒ်

၂၄။ အကြင် ရဟန်းသည် (သက်န်းစသော) အာမိသ ဟူသော အကြောင်းကြောင့် မထေရ်ကြီး ဖြစ်ကုန်သော ရဟန်းတို့သည် ရဟန်းမတို့ကို ဆုံးမကုန်၏ဟု ဆိုငြားအံ့၊ (ထို ရဟန်းအား)ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၉၃)

## ၅-စီဝရဒါန သိက္ခာပုဒ်

၂၅။ အကြင်ရဟန်းသည် ဆွေမျိုး မတော်စပ်သော ရဟန်းမအား လဲလှယ်ခြင်းမှတပါး သင်္ကန်းကို ပေးငြားအံ့၊ (ထို ရဟန်းအား) ပါစိတ်အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၉၆)

## ၆-စီဝရသိဗ္ဗန သိက္ခာပုဒ်

၂၆။ အကြင် ရဟန်းသည် ဆွေမျိုး မတော်စပ်သော ရဟန်းမ၏ သင်္ကန်းကို ကိုယ်တိုင်မူလည်း ချုပ်ငြားအံ့၊ သူ တပါးကိုမူလည်း ချုပ်စေငြားအံ့၊ (ထိုရဟန်းအား)ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၉၈)

## ၇-သံဝိဓာန သိက္ခာပုဒ်

၂၇။ အကြင် ရဟန်းသည် ရဟန်းမနှင့် အတူ တိုင်ပင် ညှိနှိုင်းညွှန်ကြား၍(သွားသင့်သော)အခါသမယမှတပါး တကြောင်း တည်း အစွန့်ရှည်သော ခရီး ¹ သို့ သွားငြားအံ့၊ အယုတ်ဆုံး အားဖြင့် ရွာတပါးသို့လည်း သွားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏။ ထိုတိုင်ပင်၍ သွားရာ၌ ဤဆိုလတ္တံ့ သည်ကား အခါသမယတည်း၊ လမ်း ခရီးသည် အဖော် ကုန်သည်နှင့် အတူ သွားအပ်၏၊ ရွံ့ရှာ (ယုံမှား တွေး တော)ဖွယ် ရှိ၏ ဟု သမုတ်အပ်၏၊ ဘေးဘျမ်းနှင့် တကွ ဖြစ်၏၊ (ဘေးရန် အန္တရာယ် ရှိ၏)။ ဤကား ထိုတိုင်ပင်၍ သွားရာ၌ အခါ သမယတည်း။ ။(ဝိ-မြန် ၂-၁၀၀)

## ၈-နာဝါဘိရုဟန သိက္ခာပုဒ်

၂၈။ အကြင် ရဟန်းသည် ရဟန်းမနှင့် အတူ တိုင်ပင် ညှိနှိုင်းညွှန်ကြား၍ ကန့်လန့်ဖြတ်ကူးခြင်းမှတပါး အထက်သို့ ဆန် တက်သည်လည်း ဖြစ်သော အောက်သို့ စုန်ဆင်းသည်လည်း ဖြစ်သော တစင်းတည်းသော လှေကို စီးငြားအံ့၊ (ထို ရဟန်းအား)ပါစိတ် အာပတ်သင့်၏။ ။(ဝိ-မြန် ၂-၁၀၃)

---

၁-အစွန့်ရှည်သော ခရီးဟူသည်-ခရီးရှည် ခရီးဝေး သွားခြင်းတည်း။

## ၉-ပရိပါစိတ သိက္ခာပုဒ်

၂၉။ အကြင် ရဟန်းသည် (ရဟန်းမ-စီရင်သည်မှ) ရှေး၌ လူတို့စီရင်အပ်သော ဆွမ်းမှ တပါး ရဟန်းမ-စီရင် အပ်သော ဆွမ်းကို သိလျက် သုံးဆောင် ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၁၀၆)

## ၁၀-ရဟောနိသဇ္ဇ သိက္ခာပုဒ်

၃၀။ အကြင် ရဟန်းသည် ရဟန်းမနှင့် အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာအရပ်၌ နေထိုင်ခြင်းကို ပြုငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၁၀၇)

ဩဝါဒဝဂ် ပြီး၏။

---

## ၄-ဘောဇနဝဂ်

## ၁-အာဝသထပိဏ္ဍ သိက္ခာပုဒ်

၃၁။ မနာ မဖျားသော ရဟန်းသည် ခရီးသည်တို့ တည်းခိုရန် စရပ်၌ ဝတ်တည်ထားသော ဆွမ်းကို တကြိမ်သာလျှင် သုံးဆောင်အပ်၏၊ ထို တကြိမ်ထက် အလွန် အကယ်၍ သုံးဆောင်ငြားအံ့၊ (ထို ရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၁၁၁)

## ၂-ဂဏဘောဇန သိက္ခာပုဒ်

၃၂။ အခါသမယမှတပါး ဂဏဘောဇဉ်ကို [၁] သုံးဆောင်ခြင်းကြောင့် ပါစိတ် အာပတ် သင့်၏၊ ထို ဂဏဘောဇဉ်ကို သုံးဆောင်ရာ၌ ဤဆိုလတ္တံ့သည်ကား အခါသမယတည်း၊ နာ ဖျားသော အခါ, သင်္ကန်း လှူသော အခါ, သင်္ကန်း ချုပ်သောအခါ, အခွန့်ရှည်သော ခရီးသို့ သွားသော အခါ, လှေစီးသော အခါ, အခါကြီး (လေးပါး ငါးပါး မမျှတသော အခါ) ရဟန်းက ဆွမ်းလှူ သော အခါ၊ ဤကား ထို ဂဏ ဘောဇဉ်ကို သုံးဆောင်ရာ၌ အခါ သမယတည်း။ ။ (ဝိ-မြန် ၂-၁၁၉)

## ၃-ပရမ္ပရဘောဇန သိက္ခာပုဒ်

၃၃။ အခါ သမယ မှ တပါး ပရမ္ပရ ဘောဇဉ်ကို [၂] စားခြင်းကြောင့် ပါစိတ် အာပတ် သင့်၏၊ ထို ပရမ္ပရ ဘောဇဉ်ကို စားရာ၌ ဤဆိုလတ္တံ့သည်ကား အခါ သမယတည်း၊

---

၁-ဂဏဘောဇဉ် ဟူသည်-လေးပါး, လေးပါးထက် အလွန် ဖြစ်သော ရဟန်းတို့ တပေါင်းတည်း လူတို့က မအပ်သောနည်းဖြင့် ပင့်ဖိတ်၍ ရအပ်သော ဆွမ်း, မအပ်သောနည်းဖြင့် တောင်း၍ရအပ်သောဆွမ်းတည်း။

၂-ပရမ္ပရဘောဇဉ် ဟူသည်-မအပ်သောနည်းဖြင့် ရှေးရှေး ပင့်ဖိတ်သော ဘောဇဉ်မှတပါး နောက်နောက်ပင့်ဖိတ်သော ဘောဇဉ်တည်း။ ။ ဘောဇဉ်ဟူသည် ထမင်း, မုယောမုံ့, မုံ့လုံး, ငါး, အသား ဟင်းလျာ ဟူ၍ ငါးမျိုးတည်း။

နာ ဖျား သော အခါ,သင်္ကန်းလှူသော အခါ,သင်္ကန်း ချုပ်သော အခါ၊ ဤကား ထို ပရမ္ပရ ဘောဇဉ်ကို စားရာ၌ အခါသမယတည်း။ ။(ဝိ-မြန် ၂-၁၂၁)

## ၄-ကာဏမာတု သိက္ခာပုဒ်

၃၄။ အမျိုးအိမ်သို့ ကပ်သော ရဟန်းကို သာလျှင် မုံ့ကြော် မုံ့ရှက် တို့ဖြင့်ရင်း (မုံ့ဆုပ် နှမ်း ဆန် စသည်) တို့ဖြင့်ရင်း ဆောင်ယူခဲ့၍ ပင့်ဖိတ်ငြားအံ့၊ အလိုရှိသော ရဟန်းသည် နှစ်သပိတ် သုံးသပိတ် ပြည့်အောင် မုံ့တို့ကို ခံယူအပ်ကုန်၏။ ထိုနှစ်သပိတ် သုံးသပိတ်ထက် အလွန် အကယ်၍ ခံယူငြားအံ့၊ ပါစိတ်အာပတ် သင့်၏၊ နှစ်သပိတ် သုံးသပိတ် ပြည့်အောင် မုံ့တို့ကို ခံယူပြီး၍ ထိုခံယူရာ အရပ်မှ ဆောင်ပြီးလျှင် ရဟန်းတို့နှင့်အတူ ခွဲဝေ သုံးဆောင်အပ်၏၊ ဤသို့ ခွဲဝေ သုံးဆောင်ခြင်းသည် ထိုနှစ်သပိတ် သုံးသပိတ် ပြည့်အောင် မုံ့ကို ခံယူရာ၌ ကျင့်ဝတ်တည်း။ ။ (ဝိ မြန် ၂-၁၂၃)

## ပဌမပဝါရဏာ သိက္ခာပုဒ်

၃၅။ အကြင် ရဟန်းသည် ဆွမ်းစားစဉ် (တော်ပြီ တန်ပြီဟု) တားမြစ်ပြီး၍ အတိရိက် [၁] ဝိနည်းကံ မပြုဘဲ ခဲဖွယ်

---

၁-ဆွမ်းစားနေစဉ် တန်ပြီဟု တားမြစ်မိသော ရဟန်းသည် နောက်ထပ် စားလိုလျှင် အတိရိက်ဝိနည်းကံ ပြု၍ စားရမည်၊ အတိရိက်ဝိနည်းကံ ပြုပုံကား—

ကို ^၁ သော်ရင်း ဘောဇဉ်ကို သော်ရင်း ခဲမှုလည်း ခဲငြား အံ့၊ စားမှုလည်း စားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၁၂၆)

## ၆-ဒုတိယ ပဝါရဏာ သိက္ခာပုဒ်

၃၆။ အကြင် ရဟန်းသည် ဆွမ်းစားစဉ် (တန်ပြီဟု) မြစ်မိ (ပဝါရိတ်သင့်) သော ရဟန်းကို အတိရိက် ဝိနည်းကံ မပြုသော ခဲဖွယ်ဖြင့် သော်ရင်း ဘောဇဉ်ဖြင့် သော်ရင်း ဆောင်ယူခဲ့၍ ရဟန်း ခဲမှုလည်း ခဲလော့၊ စားမှုလည်း စား လော့ဟု (ပဝါရိတ်သင့်မှန်း) သိလျက် အရှိန်အစော်မဲ့ ဂုဏ် သတင်း ပျက်စေခြင်းကို အလိုရှိသည်ဖြစ်၍ ဖိတ်ငြားအံ့၊

---

နောက်ထပ် စားလိုသော ခဲဘွယ်ဘောဇဉ်ကို ရဟန်းတပါးထံ ယူသွား၍ အတိရိက် (အကြွင်းအကျန်) ပြုလုပ်ပေးတော်မူပါဟု လျှောက်ရမည်။ ထိုရဟန်းက အနည်းငယ် စားပြီးမှ ဤအလုံးစုံကို ငါတော်ပြီဟု ပြန်ပေးရမည်၊ ထိုခဲဘွယ်ဘောဇဉ်သည် အတိရိက် ဝိနည်းကံ ပြုပြီးသော ခဲဘွယ်ဘောဇဉ်မည်၏၊ လူမမာတို့ စားကြွင်းကို ကား အတိရိက်ဝိနည်းကံ ပြုဘွယ်မလို။

၁-ခဲဘွယ်ဟူသည်-ဘောဇဉ် ငါးပါးဟူသော ယာဝကာလိက, တအာရုဏ် အတွင်း သုံးဆောင်ကောင်းသည့် အဖျော် ရှစ်ပါးဟူသော ယာမ ကာလိက, အကပ်ခံပြီး ခုနစ်ရက်အတွင်း၌ သုံးဆောင်ကောင်းသည့် ထောပတ်ပျားရည်စသော သတ္တာဟကာလိက,အကပ်ခံပြီးလျှင် မကုန် မချင်း သုံးဆောင်ကောင်းသည့် ဆေးဟူသော ယာဝဇီဝကများမှ ကြွင်းကျန်သမျှသော စားဖွယ် အာဟာရတည်း။

စားသည်ရှိသော် (ထို ဖိတ်သော ရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၁၂၉)

## ၇-ဝိကာလဘောဇန သိက္ခာပုဒ်

၃၇။ အကြင် ရဟန်းသည် မွန်းလွဲသော အခါ၌ ခဲဖွယ်ကို သော်ရင်း ဘောဇဉ်ကို သော်ရင်း ခဲမူလည်း ခဲငြားအံ့၊ စားမူလည်း စားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၁၃၁)

## ၈-သန္နိဓိကာရက သိက္ခာပုဒ်

၃၈။ အကြင် ရဟန်းသည် သိုမှီးသိမ်းဆည်းခြင်းကို ပြု၍ ခဲဖွယ်ကို သော်ရင်း ဘောဇဉ်ကို သော်ရင်း ခဲမူလည်း ခဲငြားအံ့၊ စားမူလည်း စားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၁၃၁)

## ၉-ပဏီတဘောဇန သိက္ခာပုဒ်

၃၉။ အကြင် မွန်မြတ်သော ဘောဇဉ် တို့သည် ရှိကုန်၏၊ ထိုဘောဇဉ်တို့ ဟူသည် အဘယ်တို့ နည်း၊ ထောပတ်,ဆီဉ, ဆီ,ပျားရည်,တင်လဲ,ငါး,အသား,ဟင်းလျာ,နို့ရည်,နို့ဓမ်း၊ (ဤသည်တို့ပင်တည်း)၊အကြင် ရဟန်းသည် ဤသို့သဘော ရှိသော မွန်မြတ်သော ဘောဇဉ်တို့ကို မနာဖျားပဲ မိမိ၏

အကျိုးငှါ တောင်း၍ စားဌြားအံ့၊ (ထိုရဟန်းအား)ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၁၃၅)

## ၁၀-ဒန္တပေါဏ သိက္ခာပုဒ်

၄၀။ အကြင် ရဟန်းသည် ရေနှင့် ဒန်ပူမှ တပါး မပေးအပ် (အကပ်မခံရသေး) သော[၁] အာဟာရကို ခံတွင်းဝသို့ ဆောင်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ (ဝိ-မြန် ၂-၁၃၇)

ဘောဇနဝဂ် ပြီး၏။

---

၁-အကပ်မြောက်ခြင်း အင်္ဂါငါးပါး၊ (၁) ကပ်မည်ဟု ရှေးရှုဆောင်ယူလာခြင်း (၂) နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်းသို့ ရောက်ခြင်း (၃) အားအလတ်တန်းစားရှိသော ပုဂ္ဂိုလ်ချီမ-နိုင်ခြင်း၊ (၄) ကိုယ်ဖြင့်ငင်း ကိုယ်နှင့်တစပ်ထည်းဖြစ်သော ဝတ္ထုဖြင့်ငင်း ပစ်လွှင့်၍သော်ငင်း ကပ်ခြင်း (၅) ကိုယ်ဖြင့်ငင်း ကိုယ်နှင့်တစပ်ထည်း ဖြစ်သော ဝတ္ထုဖြင့်သော်ငင်း အကပ်ခံခြင်းတည်း။

အကပ်ပျက်ကြောင်း အင်္ဂါခြောက်ပါး။ (၁) အာလယပြတ် စွန့်လိုက်ခြင်း (၂) သိက္ခာချခြင်း (၃) သူတပါးကို ပေးလိုက်ခြင်း (၄)လူစသည်တို့က လုယူသွားခြင်း (၅)သေခြင်း (၆)လိင်ပြန်ခြင်း။

## ၅-အစေလကဝဂ်

### ၁-အစေလက သိက္ခာပုဒ်

၄၁။ အကြင် ရဟန်းသည် တက္ကတွန်း [၁] အားရင်း ပရိဗိုဇ် [၂] ယောကျ်ားအားရင်း ပရိဗိုဇ်မအားရင်း (ကိုယ်တိုင်)ခဲဖွယ်ကို သော်ရင်း ဘောဇဉ်ကို သော်ရင်း ပေးငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၁၄၀)

### ၂-ဥယျောဇန သိက္ခာပုဒ်

၄၂။ အကြင်ရဟန်းသည် ရဟန်းအား ငါ့သျှင် လာလော့၊ ရွာသို့သော်ရင်း နိဂုံးသို့သော်ရင်း ဆွမ်းအလို့ငှါ ဝင်ကုန်အံ့ဟု (ဆို၍) ထိုရဟန်းအား အာမိသကို ပေးစေ၍ သော်ရင်း မပေးစေမူ၍ သော်ရင်း"ငါ့သျှင် သွားပေတော့၊ ငါ့အား သင်နှင့် အတူ စကား ပြောရခြင်းသည်ရင်း နေထိုင်ရခြင်းသည်ရင်း မချမ်းသာ၊ တယောက်ထည်းသော ငါ့အား စကားပြောရခြင်းသည်ရင်း နေထိုင်ရခြင်းသည်ရင်း ချမ်းသာ၏" ဟု ထိုအကြောင်းကို သာလျှင် အကြောင်းပြု၍ အကြောင်း

---

၁-တက္ကတွန်း, အဝတ်မဆည်း အချည်းနှီး ကျင့်သောသူတည်း။
၂-ပရိဗိုဇ် ဟူသည် ရဟန်း,ရဟန်းမ,သာမဏေ,သာမဏေမ, သိက္ခမာန်မ ဟူသော သိတင်းသုံးဘောင်ငါးယောက်မှတပါး ဖန်ရေစွန်းသော အဝတ်ကိုဝတ်၍ တိတ္ထိအယူကို ယူသူအားလုံးတည်း။

တပါး မရှိပဲ လွှတ်လိုက်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၁၄၂)

## ၃-သဘောဇန သိက္ခာပုဒ်

၄၃။ အကြင် ရဟန်းသည် လင်မယား နှစ်ယောက်သာ ရှိသော အိမ်၌ အိပ်ခန်းတွင်းသို့ ဝင်၍ ထိုင်နေငြားအံ့၊ (ထို ရဟန်းအား) ပါစိတ်အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၁၄၄)

## ၄-ရဟောပဋိစ္ဆန္န သိက္ခာပုဒ်

၄၄။ အကြင်ရဟန်းသည် မာတုဂါမနှင့်အတူ (မျက်စိ) ဆိတ်ကွယ်ရာ (နံရံ စသည်) ဖုံးလွှမ်းသော နေရာ၌ ထိုင် ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏။ ။ (ဝိ·မြန် ၂-၁၄၆)

## ၅-ရဟောနိသဇ္ဇ သိက္ခာပုဒ်

၄၅။ အကြင်ရဟန်းသည် မာတုဂါမနှင့်အတူ တယောက် ချင်းချင်း (နား) ဆိတ်ကွယ်ရာ အရပ်၌ ထိုင်နေ ငြားအံ့၊ (ထို ရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။ (ဝိ-မြန် ၂-၁၄၇)

## ၆-စာရိတ္တ သိက္ခာပုဒ်

၄၆။ အကြင် ရဟန်းသည် ပင့်ဖိတ်ထားသော ဆွမ်းစား ရှိပါလျက် ထင်ရှား ရှိသော ရဟန်းကို မပန်ကြား မူ၍ ဆွမ်း

မစားမိ ရှေးအဖို့၌ သော်ငှင်း ဆွမ်း စားပြီးသည့်နောက် ၌ သော်ငှင်း (အခြား) ဒါယကာ အိမ်တို့သို့ အခါ သမယမှ တပါး လှည့်လည်ငြားအံ့၊ (ထိုရဟန်းအား)ပါစိတ်အာပတ် သင့်၏။ ထိုအိမ် တပါးသို့ သွားရာ၌ ဤဆိုလတ္တံ့ သည်ကား အခါသမယတည်း၊ သင်္ကန်း လှူသော အခါ, သင်္ကန်း ချုပ်သောအခါ၊ ဤကား ထိုအိမ်တပါးသို့ သွားရာ၌ အခါသမယ တည်း။ ။(ဝိ-မြန် ၂-၁၅၁)

## ၇-မဟာနာမ သိက္ခာပုဒ်

၄၇။ မနာ မဖျားသော ရဟန်းသည် နောက်ထပ် ဖိတ်ကြားခြင်းနှင့် အမြဲ ဖိတ်ကြားခြင်းမှတပါး လေးလတို့ ပတ်လုံး ဆေးဖြင့် ဖိတ်ကြားခြင်းကို လက်ခံ(သာယာ)အပ်၏၊ ထိုလေးလထက် အလွန်သာယာငြားအံ့၊ (ထို ရဟန်းအား) ပါစိတ် အာပတ်သင့်၏။ ။(ဝိ-မြန် ၂-၁၅၅)

## ၈-ဥယျုတ္တသေနာ သိက္ခာပုဒ်

၄၈။ အကြင် ရဟန်းသည် ထိုသို့ သဘောရှိသော (သွားသင့်သော) အကြောင်းကို ကြဉ်၍ ချီတက်သော စစ်တပ်ကို ကြည့်ရှုခြင်းငှါ သွားငြားအံ့၊ (ထိုရဟန်းအား)ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၁၅၈)

## ၉-သေနာဝါသ သိက္ခာပုဒ်

၄၉။ ထိုရဟန်းအား စစ်တပ်သို့ သွားခြင်း အကြောင်း တစုံတရာ ရှိငြားအံ့၊ ထိုရဟန်းသည် နှစ်ညဥ့် သုံးညဥ့်တို့ ပတ်လုံး စစ်တပ်၌ နေအပ်၏၊ ထိုနှစ်ညဥ့် သုံးညဥ့်ထက် အလွန် နေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၁၆ဝ)

## ၁၀-ဥယျောဓိက သိက္ခာပုဒ်

၅ဝ။ နှစ်ညဥ့်သုံးညဥ့်ပတ်လုံး စစ်တပ်၌ နေသော ရဟန်းသည် စစ်တိုက်ရာသို့ရင်း စစ်သည်ကို ရေတွက် စစ်ဆေးရာသို့ရင်း စစ်ဆင်ရာသို့ရင်း စစ်တပ်ခင်းကျင်းပွဲသို့ရင်း သွားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏။ ။ (ဝိ-မြန် ၂-၁၆၁)

အစေလကဝဂ် ပြီး၏။

---

## ၆-သုရာပါနဝဂ်

## ၁-သုရာပါန သိက္ခာပုဒ်

၅၁။ သေ အရက်ကို သောက်ခြင်းကြောင့် ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၁၆၄)

## ၂-အင်္ဂုလိပတောဒက သိက္ခာပုဒ်

၅၂။ လက်ချောင်းဖြင့် ကလိ ထိုးခြင်းကြောင့် ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၁၆၅)

## ၃-ဟသဓမ္မ သိက္ခာပုဒ်

၅၃။ ရေ၌ မြူးထူး ပျော်ပါး ကစားခြင်းကြောင့် ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၁၆၇)

## ၄-အနာဒရိယ သိက္ခာပုဒ်

၅၄။ (ပုဂ္ဂလ ဓမ္မ ကို) မရိုသေခြင်း[၁] ကြောင့် ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၁၆၉)

## ၅-ဘိံသာပန သိက္ခာပုဒ်

၅၅။ အကြင် ရဟန်းသည် ရဟန်းကို ခြောက်လှန့်ငြား အံ့၊ (ထိုရဟန်းအား)ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၁၇၀)

---

၁-ဝိနည်းသိက္ခာပုဒ်ဖြင့် ဆုံးမပြောဆိုသော ရဟန်းကို မလေးစားခြင်းသည် ပုဂ္ဂလကို မရိုသေသည် မည်၏၊ ထိုရဟန်း ဆုံးမပြောဆိုသော ဝိနည်းသိက္ခာပုဒ်ကို မလေးမစား မလိုက်နာခြင်းသည် ဓမ္မကို မရိုသေသည် မည်၏။

## ၆-ဇောတိက သိက္ခာပုဒ်

၅၆။ အကြင် ရဟန်းသည် မနာ မဖျားပဲ (ဆီမီးထွန်းခြင်း စသော) အကြောင်းမှ တပါး မီးလှုံလို၍ မီးကို ကိုယ်တိုင်မူလည်း မွေးငြားအံ့၊ သူတပါးကိုမူလည်း မွေးစေငြားအံ့၊ (ထို ရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။ (ဝိ-မြန် ၂-၁၇၂)

## ၇-နှာန သိက္ခာပုဒ်

၅၇။ အကြင် ရဟန်းသည် အခါသမယမှ တပါး လဝက် (တဆဲ့ငါးရက်) အတွင်း၌ ရေချိုးငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏၊ ထိုရေချိုးရာ၌ ဤဆိုလတ္တံ့သည်ကား အခါသမယ[၁] တည်း၊ နွေလတို့၏ ကြွင်းသော တလခွဲ, မိုးဦးဥတု၏ ပဌမတလ, ထိုနှစ်လခွဲ တည်းဟူသော ပူသော အခါ, အိုက်သော အခါ, နာဖျားသော အခါ, အလုပ် လုပ်သောအခါ, ခရီးရှည် သွားသော အခါ, လေပြင်းထ၍ မိုးကျသော အခါ၊ ဤကား ထိုရေချိုးရာ၌ အခါသမယ တည်း။ ။ (ဝိ-မြန် ၂-၁၇၆)

---

၁ - နယုန် လဆန်း တရက်နေ့မှ ဝါဆိုလပြည့်နေ့ အထိ တလခွဲသည် နွေလတို့၏ ကြွင်းကျန်သော တလခွဲ မည်၏၊ ဝါဆို လပြည့်ကျော် တရက်နေ့မှ ဝါခေါင် လပြည့်နေ့ အထိ တလသည် မိုးဦးဥတု၏ ပဌမ တလမည်၏။ ။ဤသိက္ခာပုဒ်ကား ပဒေသသိက္ခာပုဒ်ဖြစ်၍ မဇ္ဈိမဒေသအတွက် သာ ပညတ်ခြင်း ဖြစ်ရကား မြန်မာနိုင်ငံစသော ပစ္စန္တရာဇ်များ၌ကား အလိုရှိသော အခါတိုင်း ရေချိုးနိုင်သည်။

## ၈-ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်

၅၈။ သင်္ကန်း အသစ်ကို ရသော ရဟန်းသည် ညိုသော အဆင်းကို သော်၎င်း ညွန် အဆင်းကိုသော်၎င်း မည်းနက်သော အဆင်းကို သော်၎င်း (ဤ)အဆင်း ပျက် အောင် ပြုခြင်း သုံးမျိုးတို့တွင် တခုခုသော အဆင်း ပျက်အောင် ပြုခြင်းကို ယူအပ်၏ [၁] ၊ အကယ်၍ ရဟန်းသည် အဆင်းပျက် အောင် ပြုခြင်း သုံးမျိုးတို့တွင် တခုခုသော အဆင်း ပျက် အောင် ပြုခြင်း ကို မယူမူ၍ သင်္ကန်းအသစ်ကို ဝတ်ရုံ သုံးဆောင် ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ (ဝိ - မြန် ၂ - ၁၇၈)

## ၉-ဝိကပ္ပန သိက္ခာပုဒ်

၅၉။ အကြင်ရဟန်းသည် ရဟန်းအားရင်း ရဟန်းမအားရင်း သိက္ခမာန်အားရင်း သာမဏေအားရင်း သာမဏေမအားရင်း သင်္ကန်းကို ကိုယ်တိုင် ဝိကပ္ပနာ ပြုပြီး၍ [၂] ပစ္စုဒ္ဓိုရ်

---

၁ - ဤသိက္ခာပုဒ် အရ သင်္ကန်းသစ်ကို သုံးဆောင်မည် ပြုသော အခါ အဆင်း ပျက်စေရန် သင်္ကန်း အစွန်း အနား၌ ဥဒေါင်းမျက်ကွင်း ပမာဏ, ကြမ်းပိုးကျောက်ကုန်း ပမာဏမျှ စိမ်းညိုသောအဆင်း ညွန် ပျောင်း အဆင်း မည်းနက်သော အဆင်း တခုခုဖြင့် ကပ္ပဗိန္ဒုထိုး၍ ဆောင်ရမည်။

၂ - ဝိကပ္ပနာပြုဟူသည် - မိမိဥစ္စာအဖြစ်မှ ကင်းအောင် ပြုခြင်းတည်း၊ ဝိကပ္ပနာပြုလိုသော ရဟန်းသည် ပြုလိုသော သင်္ကန်းကို ယူ၍ ရဟန်း၊

မပြုပဲ သုံးဆောင်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏။ ။(ဝိ - မြန် ၂ - ၁၈၀)

## ၁၀-စီဝရအပနိဓာန သိက္ခာပုဒ်

၆၀။ အကြင် ရဟန်းသည် အယုတ်သဖြင့် ရယ်မြူးလိုသည် ဖြစ်၍ လည်း ရဟန်း၏ သပိတ်ကို သော်၎င်း သင်္ကန်းကို သော်၎င်း နိသီဒိုင် အခင်းကိုသော်၎င်း အပ်ကျည် (အပ်ဗူး)ကို သော်၎င်း ခါးပန်းကြိုးကို သော်၎င်း ကိုယ်တိုင်မူလည်း ဝှက်ထားငြားအံ့၊ သူတပါးကိုမူလည်း ဝှက်ထားစေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။ (ဝိ - မြန် ၂ - ၁၈၂)

သုရာပါနဝဂ် ပြီး၏။

---

တပါးထံ သွားပြီးလျှင် "ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ— ဤ သင်္ကန်းကို အရှင့်အား ဝိကပ္ပနာ ပြုပါ၏"ဟု ဆို၍ ပေးရမည်၊ ဤမျှဖြင့် သင်္ကန်းကို သိမ်းဆည်းကောင်းဘော့သည်၊ မသုံးဆောင်ကောင်းသေး။

ပစ္စုဒ္ဓိုရ်ပြုပုံကား - လက်ခံသော ရဟန်းက "မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟိ-ငါ၏ ဥစ္စာဖြစ်သော ဤသင်္ကန်းကို သုံးဆောင်လိုမူလည်း သုံးဆောင်လော့၊ စွန့်လိုမူလည်း စွန့်လော့၊ အကြောင်းအားလျော်စွာ ပြုလိုမူလည်း ပြုလော့"ဟု ပစ္စုဒ္ဓိုရ် ပြုရမည်၊ ထိုအခါမှသာ ဝတ်ရုံ သုံးဆောင် ကောင်းတော့သည်။

## ၇-သပ္ပါဏကဝဂ်

### ၁-သဉ္စိစ္စ သိက္ခာပုဒ်

၆၁။ အကြင် ရဟန်းသည် သေစေလိုသော စေတနာ ရှိသည်ဖြစ်၍ သတ္တဝါကို သတ်ဖြတ်ငြားအံ့၊ (ထိုရဟန်း အား) ပါစိတ်အာပတ် သင့်၏။ ။(ဝိ - မြန် ၂ - ၁၀၄)

### ၂-သပ္ပါဏက သိက္ခာပုဒ်

၆၂။ အကြင် ရဟန်းသည် သိလျက် ပိုးရှိသော ရေကို သုံးဆောင်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့် ၏။ ။(ဝိ - မြန် ၂ - ၁၀၅)

### ၃-ဥက္ကောဋန သိက္ခာပုဒ်

၆၃။ အကြင် ရဟန်းသည် သိလျက် တရား အားလျော် စွာ ငြိမ်းလေပြီးသော အဓိကရုဏ်းကို [၁] တဖန် ကံပြုဖို့ ဖြစ် စေခြင်းငှါ လှုံ့ဆော်ငြားအံ့၊ (ထို ရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ - မြန် ၂ - ၁၀၆)

---

၁ - အဓိကရုဏ်းဟူသည်-(က) ဓမ္မ,အဓမ္မဟု ငြင်းခုံခြင်း ဝိဝါဒါဓိကရုဏ်း (ခ) သီလဖြင့်သော်ရင်း အကျင့်ဖြင့် သော်ရင်း စွပ်စွဲခြင်း အနု ဝါဒါဓိကရုဏ်း (ဂ) အာပတ် ခုနစ်ဖုံ ဟူသော အာပတ္တာဓိကရုဏ်း (ဃ) အပလောကနကံ ဥတ္တိကံ ဥတ္တိ ဒုတိယကံ ဥတ္တိ စတုတ္ထကံ ဟူသော ကိစ္စာဓိကရုဏ်း၊ ဤလေးမျိုးတည်း။

## ၄-ဒုဗ္ဗလ္လ သိက္ခာပုဒ်

၆၄။ အကြင် ရဟန်းသည် သိလျက် ရဟန်း၏ ရှုန့်ရင်းသော (သံဃာဒိသိသ်)အာပတ်ကို ဖုံးလွှမ်း ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ - မြန် ၂ - ၁၀၆)

## ၅-ဦနဝီသတိဝဿ သိက္ခာပုဒ်

၆၅။ အကြင် ရဟန်းသည် သိလျက်နှင့် အသက် နှစ်ဆယ်မပြည့်သေးသော ပုဂ္ဂိုလ်ကို ပဥ္စင်းခံ ပေးငြားအံ့၊ ထို (အသက်နှစ်ဆယ် မပြည့်သေးသော) ပုဂ္ဂိုလ်သည်လည်း ရဟန်း မဖြစ်၊ ထိုပဥ္စင်းခံပေးသော ရဟန်းတို့ကိုလည်း ကဲ့ရဲ့ထိုက်ကုန်၏ [၁]၊ ထိုဥပဇ္ဈာယ်ပုဂ္ဂိုလ်၌ ပဥ္စင်းခံပေးသော ရဟန်းအား ဤပါစိတ် အာပတ် သင့်၏။ ။(ဝိ - မြန် ၂ - ၁၉၂)

## ၆-ထေယျသတ္ထ သိက္ခာပုဒ်

၆၆။ အကြင် ရဟန်းသည် သိလျက် ခိုးသူကုန်သည် [၂] နှင့် အတူ တိုင်ပင်၍ တကြောင်းတည်း အဓွန့်ရှည်သော ခရီးသို့ သွားငြားအံ့၊အယုတ်သဖြင့် ရွာတပါးသို့သော်လည်း

၁ - ကဲ့ရဲ့ထိုက်ကုန်၏ - ဟူသည် ဥပဇ္ဈာယ်မှတပါး ရဟန်း ခံပေးသော ကာရကသံဃာအား ဒုက္ကဋ် အာပတ် သင့်၏ ဟူလို။

၂ - ခိုးသူကုန်သည် ဟူသည် ဆိုင်ရာအကောက်ဌာနဌ်အခွန်အကောက်ကို မပေးလိုသဖြင့် ရှောင်လွှဲသွားမည့် ကုန်သည်ကို ဆိုလိုသည်။

သွားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏။ ။ (ဝိ-မြန် ၂-၁၉၃)

## ၇-သံဝိဓာန သိက္ခာပုဒ်

၆၇။ အကြင် ရဟန်းသည် မာတုဂါမနှင့် အတူ တိုင်ပင်၍ တကြောင်းတည်း အစွန့်ရှည်သော ခရီးသို့ သွားငြားအံ့၊ အယုတ်သဖြင့် ရွာတပါးသို့ သော်လည်း သွားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။ (ဝိ - မြန် ၂ - ၁၉၅)

## ၈-အရိဋ္ဌ သိက္ခာပုဒ်

၆၈။ အကြင် ရဟန်းသည် (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ဟု မြတ်စွာဘုရား ဟောသော တရားတို့ကို ဟောထားတော်မူသည့် အတိုင်း ငါသိ၏၊ ထိုတရားကို မှီဝဲသောသူအား (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင် ဟု ပြောဆိုငြားအံ့၊ ထိုရဟန်းကို အခြားသော ရဟန်းတို့က "အသျှင်သည် ဤသို့ မဆိုပါလင့်၊ မြတ်စွာဘုရားကို ဤသို့ မစွပ်စွဲပါလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းချေ၊ မြတ်စွာဘုရားသည်ကား ဤသို့ ဟောတော် မမူရာ၊ ငါ့သျှင် (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကိုပြုတတ်သော တရားတို့ကို များစွာသော အကြောင်းဖြင့် (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်သော တရားတို့ဟူ၍

မြတ်စွာ ဘုရား ဟောတော်မူ၏၊ ထိုတရားတို့ကို မှီဝဲသော ရဟန်းအား အန္တရာယ်ကို ပြုခြင်းငှါ စွမ်းနိုင်သည်သာလျှင် တည်း”ဟု ဆိုဆုံးမရာ၏၊ ဤသို့လျှင် ထိုရဟန်းကို ရဟန်းတို့က ဆိုဆုံးမပါလျက် ထိုရှေးအတူသာလျှင် ဆက်လက်ယူ ငြားအံ့၊ ထိုရဟန်းကို ရဟန်းတို့သည် သုံးကြိမ်တိုင်အောင် ထိုအယူကို စွန့်စိမ့်သောငှါ ဥတ်ကမ္မဝါစာဖြင့် ဆိုဆုံးမရ မည်၊ သုံးကြိမ်တိုင်အောင် ဥတ်ကမ္မဝါစာဖြင့် ဆိုဆုံးမလျက် ထိုမိစ္ဆာအယူကို စွန့်ငြားအံ့၊ ဤသို့ စွန့်ခြင်းသည်ကောင်း၏၊ အကယ်၍ မစွန့်ငြားအံ့၊ (ထိုရဟန်းအား)ပါစိတ် အာပတ် သင့်၏။ ။(ဝိ - မြန် ၂ - ၁၉၈)

## ၉-ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်

၆၉။ အကြင် ရဟန်းသည် သိလျက် ဝိနည်းတရားနှင့် အညီ မပြုရသေးသော ထို မိစ္ဆာအယူကို မစွန့်သေးသော ထိုသို့သော စကားကို ပြောဆိုတတ်သော ရဟန်းနှင့် အတူ လည်း သုံးဆောင်ငြားအံ့၊ အတူလည်း နေငြားအံ့၊ အတူ လည်း အိပ်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ - မြန် ၂-၂၀၁)

## ၁၀-ကဏ္ဋက သိက္ခာပုဒ်

၇၀။ (ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို မြတ်စွာဘုရား ဟောထားတော် မူသည့်အတိုင်း ငါသိပါ၏၊ ထိုတရားတို့

သည် မှီဝဲသောသူအား (ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်ဟု သာမဏေသည်လည်း အကယ်၍ ဆို ငြားအံ့။

ထိုသာမဏေကို ရဟန်းတို့သည်“ငါ့သျှင် သာမဏေ ဤသို့ မဆိုလင့်၊ မြတ်စွာဘုရားကို ဤသို့ မစွပ်စွဲလင့်၊ မြတ်စွာဘုရား အား စွပ်စွဲခြင်းသည် မကောင်းချေ၊ မြတ်စွာဘုရားသည် ဤသို့ ဟောတော် မမူရာ၊ ငါ့သျှင်သာမဏေ (ဈာန်မဂ်ဖိုလ် ၏) အန္တရာယ်ကို ပြုတတ်သော တရားတို့ကို များစွာသော အကြောင်းဖြင့် (ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ် သော တရားတို့ ဟူ၍ မြတ်စွာဘုရား ဟောတော် မူ၏၊ ထိုတရားတို့သည် မှီဝဲ သော ရဟန်းအား အန္တရာယ်ကို ပြုခြင်းငှါ စွမ်းနိုင်သည်သာလျှင် တည်း”ဟူ၍ ပြောဆိုဆုံးမ ရာ၏၊ ဤသို့လျှင် ထိုသာမဏေသည် ရဟန်းတို့က ဆုံးမ ပါလျက် ရှေးနည်း အတူသာလျှင် ဆက်လက်ယူငြားအံ့၊ ထိုသာမဏေကို ရဟန်းတို့သည် “ငါ့သျှင်သာမဏေ ယနေ့မှ အစပြု၍ သင်သည် မြတ်စွာဘုရားကို ဆရာဟူ၍ မညွှန်း နှင့်တော့၊ သင်မှ တပါးသော သာမဏေတို့သည် ရဟန်းတို့ နှင့် အတူ နှစ်ည၊ သုံးညပတ်လုံး အတူ အိပ်ခြင်းကို ရကြကုန်၏၊ ထိုအတူ အိပ်ခြင်းသည်လည်း သင့်အား မရှိ တော့ချေ၊ မမြတ်နိုးအပ်သောသာမဏေ သွားလေတော့၊ ပျက်စီးလေတော့”ဟု ပြောဆိုရာ၏။

အကြင် ရဟန်းသည် သိလျက် ထိုသို့ ဖျက်ဆီးထားပြီးသော သာမဏေကို ဖြားယောင်းမှုလည်း ဖြားယောင်းငြား အံ့၊ လုပ်ကျွေးမှုလည်း လုပ်ကျွေးစေငြားအံ့၊ အတူမှုလည်း သုံးဆောင် ငြားအံ့၊ အတူမှုလည်း အိပ်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။ (ဝိ - မြန် ၂ - ၂၀၆)။

သပ္ပါဏကဝဂ် ပြီး၏။

---

## ၈-သဟဓမ္မိကဝဂ်

## ၁-သဟဓမ္မိက သိက္ခာပုဒ်

၇၁။ အကြင် ရဟန်းသည် ရဟန်းတို့က တရားနှင့်လျော်ညီစွာ ပြောဆို ဆုံးမသည်ရှိသော် "ငါ့သျှင်တို့ ကျွမ်းကျင်လိမ်မာသော အခြား ဝိနည်းဓိုရ် ရဟန်းကို မမေးရသေးသမျှ ကာလပတ်လုံး ငါသည် ဤသိက္ခာပုဒ်၌ ကျင့်လိမ့်မည် မဟုတ်" ဟု ပြောဆိုငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏၊ ရဟန်းတို့၊ ကျင့်လိုသော ရဟန်းသည် သိအောင်ပြုရမည်၊ အဖန်တလဲလဲ မေးမြန်းရမည်၊ အဖန်တလဲလဲ စုံစမ်းဆင်ခြင်ရမည်၊ ဤသို့ ပြုခြင်းသည် ထိုသိက္ခာပုဒ်ကို ကျင့်လိုရာ၌ ကျင့်ဝတ်တည်း။ ။(ဝိ-မြန် ၂-၂၀၉)

## ၂-ဝိလေခန သိက္ခာပုဒ်

၇၂။ အကြင် ရဟန်းသည် (ရဟန်းတို့၏ သိက္ခာပုဒ်) ပါတိမောက်ကို ပြဆိုသည် ရှိသော် ငယ်ကုန် အလွန် ငယ်ကုန်သော ဤခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကို ပြဆိုခြင်းကြောင့် အဘယ်အကျိုး ရှိအံ့နည်း၊ အတိုင်းထက် အလွန် တွေးတောမှု (သံသယကုက္ကုစ္စ)ဖြစ်ရုံမျှသာ စိတ်နှလုံး ပင်ပန်း ရုံမျှသာ စိတ်နှလုံးကို ရေးခြစ် ရှုပ်ထွေး စေရုံမျှသာ ဖြစ်ကုန်၏ ဟု ပြောဆိုငြားအံ့၊ သိက္ခာပုဒ်တော်ကို ကဲ့ရဲ့ခြင်းကြောင့် (ထို ရဟန်းအား)ပါစိတ်အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၂၁၁)

## ၃-မောဟန သိက္ခာပုဒ်

၇၃။ အကြင် ရဟန်းသည် လခွဲတိုင်း လခွဲတိုင်း ပါတိမောက် ပြသည်ရှိသော် "ငါသည် ယခုမှသာလျှင် သိ၏၊ ဤတရားသည်လည်း ပါတိမောက်၌ လာသတတ်၊ ပါတိမောက်၌ အကျုံးဝင်သတတ်၊လခွဲတိုင်း လခွဲတိုင်း အကျဉ်းပြခြင်းသို့ ရောက်သတတ်"ဟု ဆိုငြားအံ့၊ ဤရဟန်းသည် နှစ်ကြိမ် သုံးကြိမ် ပါတိမောက် ပြရာ၌ နေဘူး၏ဟူ၍ ထိုရဟန်းကို တပါးသော ရဟန်းတို့က သိငြားအံ့၊ထို့ထက် အလွန် နေဘူးသည်ကိုကား ဆိုဖွယ်ရာမရှိ၊ ထိုရဟန်း၏အား မသိယောင်ဆောင် သဖြင့် အာပတ်မှ မလွတ်နိုင်၊ ထို မသိယောင်

ဆောင်ခြင်းကြောင့် သင့်သော အာပတ်ကိုလည်း တရားအားလျော်စွာ ဆုံးဖြတ်ရမည်၊ ထိုထက် အလွန်လည်း ထိုရဟန်းအား မိုက်မဲ တွေဝေသော အဖြစ်သို့ (ဉတ္တိ ဒုတိယကံဖြင့်)တင်ရမည်၊ "ငါ့သျှင် အကြင်သင်သည် ပါတိမောက်ကို ပြသည်ရှိသော် ကောင်းကောင်း မှန်မှန် ရှိရှိသေသေ နှလုံးမသွင်း၊ ထိုသင့်အား ရဟန်း၏ အဖြစ်ကို အရမတော်၊ ထိုသင်သည် ရဟန်းဘဝကို မကောင်းသဖြင့် ရအပ်၏" ဟု (ကဲ့ရဲ့၍ မိုက်မဲတွေဝေသော အဖြစ်သို့ တင်ရမည်)၊ မိုက်မဲတွေဝေသော အဖြစ်သို့ တင်ပြီးသည်ရှိသော် ထိုမသိယောင်ဆောင်သော ရဟန်း၌ ဤပါစိတ် အာပတ် သင့်၏။ ။ (ဝိ-မြန် ၂-၂၁၃)

## ၄-ပဟာရ သိက္ခာပုဒ်

၇၄။ အကြင်ရဟန်းသည် ရဟန်းအား အမျက်ထွက်သည် ဖြစ်၍ နှလုံး မသာသည် ဖြစ်၍ ပုတ်ခတ်ငြားအံ့၊ (ထို ရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၂၁၆)

## ၅-တလသတ္တိက သိက္ခာပုဒ်

၇၅။ အကြင် ရဟန်းသည် ရဟန်းအား အမျက်ထွက်သည် ဖြစ်၍ နှလုံးမသာသည် ဖြစ်၍ လက်ဝါးဖြင့် (ပုတ်

ခတ်ရန်)ရှယ်အံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏။
(ဝိ-မြန် ၂-၂၁၇)

## ၆-အမူလက သိက္ခာပုဒ်

၇၆။ အကြင် ရဟန်းသည် ရဟန်းကို (မြင်ခြင်း ကြားခြင်း ရွံရှာခြင်း) အကြောင်းရင်း မရှိပဲ သံဃာဒိသိသ် အာပတ်ဖြင့် စွပ်စွဲငြားအံ့၊(ထိုရဟန်းအား)ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန်- ၂-၂၁၉)

## ၇-သဉ္စိစ္စ သိက္ခာပုဒ်

၇၇။ အကြင် ရဟန်းသည် ရဟန်းအား ဤသို့ ပြောဆိုလျှင် တခဏမျှလည်း မချမ်းသာခြင်း ဖြစ်လတ္တံ့ဟု ထိုမချမ်းသာခြင်း တည်းဟူသော အကြောင်းကို သာလျှင် အကြောင်း ပြု၍ အကြောင်း တပါး မရှိပဲ စေတနာရှိသည် ဖြစ်လျက် တွေးတောမှု (သံသယ ကုက္ကုစ္စ)ကို ဖြစ်စေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၂၂၀)

## ဂ-ဥပဿုတိ သိက္ခာပုဒ်

၇ဂ။ အကြင် ရဟန်းသည် ခိုက်ရန် ဖြစ်ကုန်သော ငြင်းခုံကုန်သော ဆန့်ကျင်သော စကားကို ဆိုကုန်သော ရဟန်းတို့၏ စကားသံကို ကြားလောက်ရာ အနီး အရပ်၌ ဤ

ရဟန်းတို့ ပြောဆိုလတ္တံ့သော စကားကို နားထောင်အံ့ ဟု ထိုအကြောင်းကို သာလျှင် အကြောင်းပြု၍ အခြား အကြောင်း မရှိပဲ တည်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ-မြန် ၂-၂၂၂)

## ၉-ကမ္မပဋိဗာဟန သိက္ခာပုဒ်

၇၉။ အကြင် ရဟန်းသည် တရားနှင့် လျော်သော ကံတို့ အတွက် ဆန္ဒပေးပြီးနောက် ကဲ့ရဲ့ရှုတ်ချခြင်း သဘောသို့ ရောက်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။ (ဝိ-မြန် ၂-၂၂၄)

## ၁၀-ဆန္ဒံ အဒတွာဂမန သိက္ခာပုဒ်

၈၀။ အကြင် ရဟန်းသည် သံဃာ၌ အဆုံး အဖြတ် စကား ဖြစ်လတ်သော် ဆန္ဒမပေးမူ၍ နေရာမှ ထကာ ဖဲ သွား ငြားအံ့၊ (ထိုရဟန်းအား)ပါစိတ်အာပတ် သင့်၏။ ။ (ဝိ-မြန် ၂-၂၂၅)

## ၁၁-ဒုဗ္ဗလ သိက္ခာပုဒ်

၈၁။ အကြင် ရဟန်းသည် ညီညွတ်သော သံဃာက သင်္ကန်းကို ပေးပြီးနောက် ရဟန်းတို့သည် ချစ်ကျွမ်းဝင်သည် အားလျော်စွာ သံဃိကဖြစ်သော လာဘ်ကို ညွတ်စေကုန်၏ ဟု နောက်မှ ရှုတ်ချခြင်း သဘောသို့ ရောက်ငြားအံ့ (ထို

ရဟန်းအား) ပါစိတ် အာပတ်သင့်၏။ ။(ဝိ - မြန် ၂-၂၂၇)

## ၁၂-ပရိဏာမန သိက္ခာပုဒ်

၈၂။ အကြင် ရဟန်းသည် သိလျက် သံဃာသို့ ညွတ်ပြီးသော သံဃိက လာဘ်ကို ပုဂ္ဂိုလ်အား ညွတ်စေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ။(ဝိ - မြန် ၂ - ၂၂၈)

သဟဓမ္မိကဝဂ် ပြီး၏။

---

## ၉-ရတနဝဂ်

## ၁-အန္တေပုရ သိက္ခာပုဒ်

၈၃။ အကြင် ရဟန်းသည် ဦးထိပ်၌ အဘိသိက် သွန်းအပ်ပြီးသော မင်းမျိုးဖြစ်သော မင်း၏ မင်းနှင့် မိဖုရား ရကနာ မထွက်သေးသော အိပ်ရာတိုက်ခန်း၌ (မိမိလာကြောင်းကို) ရှေးကဘင်ကြို၍ အသိမပေးပဲ တံခါးကို လွန်စေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ်သင့်၏။ ။(ဝိ - မြန် ၂ - ၂၃၄)

## ၂-ရတန သိက္ခာပုဒ်

၈၄။ အကြင် ရဟန်းသည် ရတနာ [၁] ကိုသော်၎င်း ရတနာဟု သမုတ်အပ်သော ဝတ္ထု [၂] ကို သော်၎င်း အရံအတွင်းနှင့် တည်းခိုရာဌာန အတွင်းမှ တပါး (အခြားနေရာတို့၌) မိမိကိုယ်တိုင်မူလည်း ကောက်ယူငြားအံ့၊ သူတပါးကိုမူလည်း ကောက်ယူစေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ်သင့်၏။ ရဟန်းသည် ရတနာကို သော်၎င်း ရတနာ ဟု သမုတ်အပ်သော ဝတ္ထုကို သော်၎င်း အရံအတွင်းနှင့် တည်းခိုရာ ဌာနအတွင်း၌ (မိမိကိုယ်တိုင်) ကောက်ယူ၍ သော်၎င်း (သူတပါးကို) ကောက်ယူစေ၍ သော်၎င်း ဥစ္စာရှင်သည် ဆောင်ယူလတ္တံ့ဟု နှလုံးသွင်း၍ သိမ်းထားရမည်၊ ဤကား ထိုဥစ္စာကို မေ့ကျန်ရာ၌ ပြုရသော ဝတ်တည်း။ ။ (ဝိ - မြန် ၂ - ၂၃၈)

## ၃-ဝိကာလဂါမပ္ပဝိသန သိက္ခာပုဒ်

၈၅။ အကြင် ရဟန်းသည် ထိုသို့ သဘောရှိသော အဆောတလျင် ပြုဘွယ်ကိစ္စ [၃] ကို ကြည့်၍ နေလွှဲသော အခါ၌

---

၁ - ရတနာဟူသည် - ပုလဲ, မြ, ကျောက်မျက်ရွဲ, ခရုသင်း, ကျောက်သလင်း, သန္တာ, ငွေ, ရွှေ, ပတ္တမြားနီ, ပတ္တမြားပြောက်တည်း။

၂ - ရတနာဟု သမုတ်အပ်သော ဝတ္ထု ဟူသည် - လူတို့၏ အတွင်းအပ အသုံးအဆောင်တည်း။

၃ - အဆောတလျင် ပြုဘွယ်ကိစ္စ ဟူသည် - ခိုးသူဘေး, မီးဘေးစသော ရှောင်တခင် ရုတ်ဘရက် ဖြစ်ပေါ်လာသော ကိစ္စမျိုးတည်း။

ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ [၁] ရွာတွင်းသို့ ဝင်ငြားအံ့၊ (ထိုရဟန်းအား)ပါစိတ် အာပတ် သင့်၏။ ။ (ဝိ - မြန် ၂ - ၂၄၂)

## ၄-သူစိဃရ သိက္ခာပုဒ်

ဂ၆။ အကြင်ရဟန်းသည် အရိုးအစွယ် ဦးချိုတို့ဖြင့် ပြီးသော အပ် ကျည်ကို ပြုလုပ် စေငြားအံ့၊ (ထိုရဟန်းအား) ခွဲပစ်ခြင်း ရှေးရှိသော [၂] ပါစိတ် အာပတ် သင့်၏ ။ ။ (ဝိ -မြန် ၂ - ၂၄၄)

## ၅-မဉ္စပီဌ သိက္ခာပုဒ်

ဂ၇။ ညောင်စောင်း သစ်ကို သော်ငြင်း အင်းပျဉ် သစ်ကို သော်ငြင်း ပြုလုပ်လိုသော ရဟန်းသည် အပေါင် (ဘောင်) အောက်စွန်းကို ကြည့်၍ မြတ်စွာဘုရား လက်သစ်တော်ဖြင့် လက်ရှစ်သစ် (ပကတိလူတို့၏ တတောင့်ထွာ) အခြေရှိသော ညောင်စောင်း အင်းပျဉ်ကို လုပ်စေရမည်၊ ထိုထက် လွန်စေသော ရဟန်းအား (လွန်သမျှကို) ဖြတ်ခြင်း ရှေးရှိသော ပါစိတ် အာပတ် သင့်၏။ ။ (ဝိ - မြန် ၂ - ၂၄၅)

---

၁ - ပန်ကြားပုံကား - ရဟန်းတပါးထံသို့ သွား၍ "ဝိကာလေ ဂါမပ္ပဝေသနံ အာပုစ္ဆာမိ-နေလွဲအခါ ရွာတွင်း ဝင်ခြင်းကို ပန်ကြားပါ၏"ဟု လျှောက်ထား၍ သွားရမည်။

၂ - ခွဲပစ်ခြင်း ရှေးရှိသော ဟူသည် - ပါစိတ် အာပတ်ကို ဒေသနာ မကြားမီ အပ်ကျည်ကို ခွဲပစ်ရမည်ဟူ၏။

## ၆-တူလောနဒ္ဓ သိက္ခာပုဒ်

၈၈။ အကြင် ရဟန်းသည် ညောင်စောင်း ကိုရင်း အင်းပျဉ်ကိုရင်း လဲဖြင့် ဖွဲ့ရှက်၍ ပြုလုပ်စေငြားအံ့၊ (ထို ရဟန်းအား) လဲကိုထုတ်ခြင်း ရှေးရှုသော ပါစိတ် အာပတ် သင့်၏။ (ဝိ - မြန် ၂ - ၂၄၆)

## ၇-နိသီဒန သိက္ခာပုဒ်

၈၉။ နိသီဒိုင်ကို ပြုလုပ်လိုသော ရဟန်းသည် အတိုင်း အရှည်ပမာဏနှင့် ယှဉ်သော နိသီဒိုင်ကို ပြုလုပ်ရမည်၊ ထို နိသီဒိုင်၌ ဤဆိုလတ္တံ့သည်ကား ပမာဏတည်း၊ မြတ်စွာ ဘုရား အထွာတော်ဖြင့် အလျားနှစ်ထွာ၊ အနံတထွာခွဲ၊ အဆာအမြိတ်ကား တထွာတည်း၊ ထိုပမာဏကို လွန်စေ သော ရဟန်းအား ဖြတ်ခြင်း ရှေးရှုသော ပါစိတ် အာပတ် သင့်၏။ ။(ဝိ - မြန် ၂ - ၂၄၈)

## ၈-ကဏ္ဍုပ္ပဋိစ္ဆာဒိ သိက္ခာပုဒ်

၉၀။ အမာလွှမ်း သင်္ကန်းကို ပြုလုပ်လိုသော ရဟန်းသည် အတိုင်း အရှည် ပမာဏနှင့် ယှဉ်သော အမာလွှမ်း သင်္ကန်း ကို ပြုလုပ်ရမည်၊ ထိုအမာလွှမ်း သင်္ကန်း၌ ဤဆိုလတ္တံ့သည် ကား ပမာဏတည်း၊ မြတ်စွာဘုရား အထွာတော်ဖြင့် အလျား လေးထွာ၊ အနံနှစ်ထွာတို့တည်း၊ ထိုပမာဏကို လွန်

စေသော ရဟန်းအား ဖြတ်ခြင်း ရှေးရှိသော ပါစိတ် အာပတ် သင့်၏။ ။(ဝိ - မြန် ၂ - ၂၅၀)

## ၉-ဝဿိကသာဋိက သိက္ခာပုဒ်

၉၁။ မိုးရေခံသင်္ကန်းကို ပြုလုပ်လိုသော ရဟန်းသည် အတိုင်းအရှည် ပမာဏနှင့် ယှဉ်သော မိုးရေခံသင်္ကန်းကို ပြုလုပ်ရမည်၊ ထိုမိုးရေခံ သင်္ကန်း၌ ဤဆိုလတ္တံ့သည်ကား အတိုင်းအရှည် ပမာဏတည်း၊ မြတ်စွာဘုရား၏ အထွာတော်ဖြင့် အလျား ခြောက်ထွာ၊ အနံနှစ်ထွာခွဲတို့တည်း၊ ထိုအတိုင်း အရှည် ပမာဏကို လွန်စေသော ရဟန်းအား ဖြတ်ခြင်း ရှေးရှိသော ပါစိတ်အာပတ် သင့်၏။ ။(ဝိ - မြန် ၂ - ၂၅၁)

## ၁၀-နန္ဒ သိက္ခာပုဒ်

၉၂။ အကြင် ရဟန်းသည် မြတ်စွာဘုရား၏ သင်္ကန်းတော်ပမာဏ ရှိသော သင်္ကန်းကိုဖြစ်စေ ထိုထက်လွန်သော သင်္ကန်းကိုဖြစ်စေ ပြုလုပ်စေငြားအံ့၊ (ထိုရဟန်းအား) ဖြတ်ခြင်း ရှေးရှိသော ပါစိတ် အာပတ် သင့်၏၊ထို မြတ်စွာဘုရား သင်္ကန်းတော် ပမာဏရှိသော သင်္ကန်း ဟူရာ၌ ဤဆိုလတ္တံ့သည်ကား မြတ်စွာဘုရား သင်္ကန်းတော် ပမာဏတည်း၊ မြတ်စွာဘုရား၏ အထွာတော်ဖြင့် အလျားမှ ကိုးထွာ၊

အနံမှ ခြောက်ထွာတိုတည်း၊ ဤကား မြတ်စွာဘုရား၏ သက်န်းတော် ပမာဏတည်း။ ။(ဝိ - မြန် ၂ - ၂၅၃)

ရတနဝဂ် ပြီး၏

---

အသျှင်ဘုရားတို့ ကိုးဆယ့်နှစ်ပါးကုန်သော ပါစိတ် အာပတ်တို့ကို သရုပ်အားဖြင့် ပြအပ်ပြီးပါကုန်ပြီ၊ ထိုပါစိတ် အာပတ်တို့၌ အသျှင်တို့ကို မေးပါ၏၊ အာပတ်မှ စင်ကြယ် ကြပါကုန်၏လော၊နှစ်ကြိမ်မြောက်လည်း မေးပါ၏၊အာပတ် မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ အသျှင် တို့သည် ဤကိုးဆယ့်နှစ်ပါးသော ပါစိတ် အာပတ်တို့၌ အာပတ်မှ စင်ကြယ်ကြပါကုန်၏၊ ထို့ကြောင့် ဆိတ်ဆိတ် နေ၏၊ ဤသို့ ဆိတ်ဆိတ် နေသဖြင့် ဤပါစိတ် အာပတ်မှ စင်ကြယ်သည့်အဖြစ်ကို သိမှတ်ရပါသည်။

သုဒ္ဓပါစိတ် ပြီး၏

---

## ပါဋိဒေသနီ သိက္ခာပုဒ် ၄-ပါး

## မြန်မာပြန်

အရှင်တို့၊ ပါဋိဒေသနီ (သီးခြား ပြောကြားရသော) အာပတ် လေးပါး တို့သည် သရုပ်အားဖြင့် ပြဆိုအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။

### ၁-ပဌမပါဋိဒေသနီ သိက္ခာပုဒ်

၁။ အကြင် ရဟန်းသည် ရွာတွင်းသို့ ဝင်သော ဆွေမျိုး မတော်စပ်သော ရဟန်းမ၏ လက်မှ ခဲဖွယ်ကို သော်၎င်း၊ ဘောဇဉ် ကို သော်၎င်း၊ မိမိလက်ဖြင့် ခံယူ၍ ခဲမူလည်း ခဲငြားအံ့၊စားမူလည်း စားငြားအံ့၊ထိုရဟန်းသည် ငါ့သျှင်တို့ အကျွန်ုပ်သည် ကဲ့ရဲ့အပ် မလျောက်ပတ်သော ပါဋိဒေသနီ အာပတ်သို့ ရောက်ပြီ၊ ထို ပါဋိ ဒေသနီ အာပတ်ကို ပြော ကြားပါ၏ ဟု ပြောကြားရမည်။ ။(ဝိ - မြန် ၂ - ၂၅၆)

### ၂-ဒုတိယပါဋိဒေသနီ သိက္ခာပုဒ်

၂။ ရဟန်းတို့သည် သာလျှင် ပင့်ဖိတ်အပ်ကုန်သည် ဖြစ် ၍ ဒါယကာတို့ အိမ်၌ ဆွမ်းစားကုန်၏၊ ထိုသို့ စားရာ၌ ထိုရဟန်းမိန်းမသည် ဤ(သပိတ်)၌ဟင်းကို ထည့်ပေးကုန် လော့၊ ဤ(သပိတ်)၌ ဆွမ်းကို ထည့်ပေးကုန်လော့ဟု စီမံ သော သဘော ရှိသည် ဖြစ်၍ တည်နေငြားအံ့၊ထိုရဟန်းတို့

သည် ထိုရဟန်း မိန်းမကို 'နှမ ရဟန်းတို့ ဆွမ်းစားနေသမျှ ဖယ်ရှား လေဦး"ဟု ပြစ်တင် မောင်းမဲရမည်၊နှမ ရဟန်းတို့ ဆွမ်းစားနေသမျှ ဖယ်ရှား လေဦး-ဟု ထိုရဟန်းမိန်းမကို ပြစ်တင် မောင်းမဲခြင်းငှါ တပါးသောရဟန်းမျှလည်း မဆို ငြားအံ့၊ ထိုရဟန်းတို့သည် "ငါ့သျှင်တို့ ငါတို့သည် ကဲ့ရဲ့အပ် မလျောက်ပတ်သော ပါဋိဒေသနီ အာပတ်သို့ ရောက်ကုန်ပြီ၊ ထို ပါဋိဒေသနီ အာပတ်ကို ပြောကြားပါကုန်၏" ဟု ပြောကြားရမည်။ ။(ဝိ - မြန် ၂ - ၂၅၈)

## ၃-တတိယပါဋိဒေသနီ သိက္ခာပုဒ်

၃။ သေက္ခဟု သမုတ်အပ်ကုန်သော အကြင်အမျိုးတို့သည် [၁] ရှိကုန်၏၊ အကြင်ရဟန်းသည် ထိုသို့ သဘောရှိကုန်သော သေက္ခဟု သမုတ်အပ်ပြီးသော အမျိုးတို့၌ ရှေးအခါက မပင့်ဖိတ်ပဲ မနာ မဖျားမူ၍ ခဲဖွယ်ကို သော်၎င်း ဘောဇဉ်ကို သော်၎င်း မိမိလက်ဖြင့် ခံယူ၍ ခဲမူလည်း ခဲငြားအံ့၊ စားမူလည်း စားငြားအံ့၊ ထိုရဟန်းသည် "ငါ့သျှင်တို့ ငါသည် ကဲ့ရဲ့အပ် မလျောက်ပတ်သော ပါဋိဒေသနီ အာပတ်သို့ ရောက်ပြီ၊ ထိုအာပတ်ကို ပြောကြားပါ၏"ဟု ပြောကြားရမည်။ ။(ဝိ - မြန် ၂ - ၂၆၀)

---

၁ - သေက္ခဟု သမုတ်အပ်သော အမျိုးဟူသည် - သဒ္ဓါတရားအားဖြင့် ပွါးများ၍ ပစ္စည်းဥစ္စာ ဆုတ်ယုတ်သောအမျိုးအား ဉတ္တိ ဒုတိယကံဖြင့် သေက္ခဟု သမုတ်ထားသော အမျိုးတည်း။

## ၄-စတုတ္ထပါဋိဒေသနီ သိက္ခာပုဒ်

၄။ ကြောက်ရွံ့ဖွယ်ရှိသည်ဟု သမုတ်အပ်သော ဘေးဘျမ်းနှင့် တကွ ဖြစ်သော အကြင် တောကျောင်းတို့သည် ရှိကုန်၏၊ အကြင် ရဟန်းသည် ထိုသို့ သဘောရှိသော ကျောင်းတို့၌ ရှေးက မကြား မသိ စေအပ်ပဲ ခဲဖွယ်ကို သော်ငင်း ဘောဇဉ်ကို သော်ငင်း အရံ၏ အတွင်း၌ မိမိလက်ဖြင့် ခံယူ၍ မနာ မဖျားပဲ ခဲမူလည်း ခဲငြားအံ့၊ စားမူလည်း စားငြားအံ့၊ ထိုရဟန်းသည် "ငါ့သျှင်တို့ ငါသည် ကဲ့ရဲ့အပ်မလျောက်ပတ်သော ပါဋိဒေသနီ အာပတ်သို့ ရောက်ပြီ၊ ထိုအာပတ်ကို ပြောကြားပါ၏" ဟု ပြောကြားရမည်။ (ဝိ - မြန် ၂ - ၂၆၄)

အသျှင်တို့ လေးပါးကုန်သော ပါဋိဒေသနီ အာပတ်တို့ကို အကျဉ်းအားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ ထိုအာပတ်တို့၌ အသျှင်တို့ကို မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ အသျှင်တို့သည် ဤပါဋိဒေသနီ အာပတ်တို့၌ အာပတ်မှ စင်ကြယ်ကြပါကုန်၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ် နေသဖြင့် ဤပါဋိဒေသနီအာပတ်မှ စင်ကြယ်သည့် အဖြစ်ကို သိမှတ်ရပါသည်။

ပါဋိဒေသနီ သိက္ခာပုဒ် ပြီး၏။

## သေခိယသိက္ခာပုဒ် ၇၅-ပါး

## မြန်မာပြန်

အသျှင်တို့ သေခိယအမည်ရှိကုန်သော သင်အပ် ကျင့်အပ် အားထုတ်အပ်ကုန်သော ဤသိက္ခာပုဒ်တို့သည် သရုပ်အားဖြင့် ပြဆိုအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။

### ၁-ပရိမဏ္ဍလဝဂ် ၁-ပဌမ သိက္ခာပုဒ်

၁။ ထက်ဝန်းကျင်မှ အဝန်းညီစွာ သင်းပိုင်ကို ဝတ်အံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်[၁]။ ။(ဝိ - မြန် ၂ - ၂၆၇)

### ၂-ဒုတိယ သိက္ခာပုဒ်

၂။ ထက်ဝန်းကျင်မှ အဝန်းညီစွာ ကိုယ်ဝတ်သင်္ကန်းကို ရုံအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ - မြန် ၂ - ၂၆၈)

### ၃-တတိယ သိက္ခာပုဒ်

၃။ (လည် လက်ကောက်ဝတ်တို့ကို)ကောင်းစွာဖုံးလွှမ်းလျက် ရွာတွင်း၌ သွားအံ့ဟု ကျင့်ကြံ အားထုတ်မှုကိုပြုရမည်။ ။(ဝိ - မြန် ၂ - ၂၆၈)

---

၁ - အဝန်းညီစွာ ဟူသည်- ချက်ကို ဖုံးမိစေ၍ ဒူးဆစ်မှ အောက် လက်ရှစ်သစ်ချလျက် အစွန်းအစ မထွက်စေပဲ ပတ်ဝန်းကျင် ညီအောင် သင်းပိုင်ကို ဝတ်ရမည် ဟူ၏။

## ၄-စတုတ္ထ သိက္ခာပုဒ်

၄။ (လည် လက်ကောက်ဝတ် တို့ကို) ကောင်းစွာ ဖုံး လွှမ်းလျက် ရွာတွင်း၌ နေထိုင်အံ့ဟု ကျင့်ကြံ အားထုတ်မှု ကို ပြုရမည်။ ။(ဝိ - မြန် ၂ - ၂၆၉)

## ၅-ပဉ္စမ သိက္ခာပုဒ်

၅။ ဣန္ဒြေကို ကောင်းစွာ စောင့်ရှောက်လျက် ရွာတွင်း၌ သွားအံ့ဟု ကျင့်ကြံ အားထုတ်မှု ကို ပြုရမည်။ ။(ဝိ - မြန် ၂ - ၂၆၉)

## ၆-ဆဋ္ဌ သိက္ခာပုဒ်

၆။ ဣန္ဒြေ ကို ကောင်းစွာ စောင့်စည်းလျက် ရွာတွင်း၌ နေထိုင်အံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ - မြန် ၂ - ၂၇၀)

## ၇-သတ္တမ သိက္ခာပုဒ်

၇။ (လေးတောင်ခန့်မျှ ကြည့်ကာ) မျက်လွှာချလျက် ရွာတွင်း၌ သွားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။ (ဝိ - မြန် ၂ - ၂၇၀)

## ၈-အဋ္ဌမ သိက္ခာပုဒ်

၈။ (လေးတောင်ခန့်မျှ ကြည့်ကာ) မျက်လွှာချလျက် ရွာတွင်း၌ နေထိုင်အံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ (ဝိ - မြန် ၂ - ၂၇၁)

## ၉-နဝမ သိက္ခာပုဒ်

၉။ သက်န်းကို ပင့်လျက် ရွာတွင်း၌ မသွားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည် ။ ။(ဝိ - မြန် ၂ - ၂၇၁)

## ၁၀-ဒသမ သိက္ခာပုဒ်

၁၀။ သက်န်းကို ပင့်လျက် ရွာတွင်း၌ မနေထိုင်အံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ - မြန် ၂ - ၂၇၁)

ပရိမဏ္ဍလဝဂ် ပြီး၏။

---

## ၂-ဥဇ္ဇဂ္ဃိကဝဂ်

## ၁-ပဌမ သိက္ခာပုဒ်

၁၁။ ပြင်းစွာ ရယ်မောလျက် ရွာတွင်း၌ မသွားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ မြန် - ၂ - ၂၇၂)

## ၂-ဒုတိယ သိက္ခာပုဒ်

၁၂။ ပြင်းစွာ ရယ်မောလျက် ရွာတွင်း၌ မနေထိုင်အံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ - မြန် ၂ - ၂၇၂)

## ၃-တတိယ သိက္ခာပုဒ်

၁၃။ တိုးတိုး အသံ ရှိသည် ဖြစ်၍ [၁] ရွာတွင်း၌ သွားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၇၃)

## ၄-စတုတ္ထ သိက္ခာပုဒ်

၁၄။ တိုးတိုး အသံ ရှိသည် ဖြစ်၍ ရွာတွင်း၌ နေထိုင်အံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၇၃)

## ၅-ပဉ္စမ သိက္ခာပုဒ်

၁၅။ ကိုယ်ကို လှုပ်၍ လှုပ်၍ ရွာတွင်း၌ မသွားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၇၄)

## ၆-ဆဋ္ဌ သိက္ခာပုဒ်

၁၆။ ကိုယ်ကို လှုပ်၍ လှုပ်၍ ရွာတွင်း၌ မနေထိုင်အံ့ဟု ကျင့်ကြံ အားတုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၇၄)

---

၁-တိုးတိုးအသံဟူသည် ခြောက်တောင်ကွာ အရပ်၌နေသူ စကားလုံး ကွဲပြားစွာ နားလည်၍ တဆဲ့နှစ်ဘောင် ဝေးကွာသော အရပ်၌ နေသူအား အသံကိုသာ ကြားရ၍ စကားလုံး ကွဲပြားအောင် နားမလည်သော အသံမျိုးတည်း။

## ၇-သတ္တမ သိက္ခာပုဒ်

၁၇။ လက်မောင်းကို လှုပ်၍ လှုပ်၍ ရွာတွင်း၌ မသွားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည် ။ ။(ဝိ-မြန် ၂-၂၇၅)

## ၈-အဋ္ဌမ သိက္ခာပုဒ်

၁၈။ လက်မောင်းကို လှုပ်၍ လှုပ်၍ ရွာတွင်း၌ မနေထိုင်အံ့ဟု ကျင့်ကြံ အားထုတ် မှုကို ပြုရမည်။ ။ (ဝိ-မြန် ၂-၂၇၅)

## ၉-နဝမ သိက္ခာပုဒ်

၁၉။ ဦးခေါင်းကို လှုပ်၍ လှုပ်၍ ရွာတွင်း၌ မသွားအံ့ဟု ကျင့်ကြံ အားထုတ် မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၇၆)

## ၁၀-ဒသမ သိက္ခာပုဒ်

၂၀။ ဦးခေါင်းကို လှုပ်၍ လှုပ်၍ ရွာတွင်း၌ မနေထိုင်အံ့ဟု ကျင့်ကြံ အားထုတ် မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၇၆)

ဥဇ္ဇဂ္ဃိကဝဂ် ပြီး၏။

## ၃-ခမ္ဘကတဝဂ်

### ၁-ပဌမ သိက္ခာပုဒ်

၂၁။ ခါးထောက်၍ ရွာတွင်း၌ မသွားအံ့ဟု ကျင့်ကြံ အားထုတ် မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၇၇)

### ၂-ဒုတိယ သိက္ခာပုဒ်

၂၂။ ခါးထောက်၍ ရွာတွင်း၌ မနေထိုင်အံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည် ။ ။(ဝိ-မြန် ၂-၂၇၇)

### ၃-တတိယ သိက္ခာပုဒ်

၂၃။ ခေါင်းမြီးခြုံ၍ ရွာတွင်း၌ မသွားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၇၈)

### ၄-စတုတ္ထ သိက္ခာပုဒ်

၂၄။ ခေါင်းမြီးခြုံ၍ ရွာတွင်း၌ မနေထိုင်အံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၇၈)

### ၅-ပဥ္စမ သိက္ခာပုဒ်

၂၅။ ဘဝါးစွန်းဖြင့် နင်း၍[၁] ရွာတွင်း၌ မသွားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၇၉)

---

၁-ဘဝါးစွန်းဖြင့် နင်း၍ဟူသည် ခြေဖျားထောက်၍ သွားခြင်း ခြေဖျား မြှောက်ကာ ဖနှောင့် ထောက်၍ သွားခြင်းတည်း။

## ၆-ဆဋ္ဌ သိက္ခာပုဒ်

၂၆။ အာယောဂပတ်ဖွဲ့၍[၁] ရွာတွင်း၌ မနေထိုင်အံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၇၉)

## ၇-သတ္တမ သိက္ခာပုဒ်

၂၇။ ဆွမ်းကို ရိုသေစွာ ခံယူအံ့[၂] ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၈၀)

## ၈-အဋ္ဌမ သိက္ခာပုဒ်

၂၈။ သပိတ်၌ အမှတ်ထားသည် ဖြစ်၍[၃] ဆွမ်းကို ခံယူအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ မြန် ၂-၂၈၁)

---

၁-အာယောဂပတ်ဖွဲ့၍ ဟူရာ၌ - အာယောဂပတ်သည် လက်အာယောဂပတ်, အဝတ်အာယောဂပတ်ဟု နှစ်မျိုးရှိ၏၊ ထိုတွင်ထိုင်သည့်အခါ ဒူးနှစ်ဖက်ကိုထောင်ကာ ယင်း ဒူးနှစ်ဖက်ကို လက်ဖြင့် ပိုက်ဖွဲ့၍ ထိုင်ခြင်းသည် လက်အာယောဂပတ်မည်၏၊ ဒူးနှစ်ဖက်ကို အဝတ်သက်န်းဖြင့် ပိုက်ဖွဲ့၍ ထိုင်ခြင်းသည် အဝတ်အာယောဂပတ် မည်၏၊ ၁-ပရိမဏ္ဍလသိက္ခာပုဒ်မှ ဤ ၂၆ သိက္ခာပုဒ်အထိ ၂၆-ပါးသော သိက္ခာပုဒ်တို့သည် လျောက်ပတ် သပ္ပါယ်စွာ နေထိုင်ရေး အတွက် ပညတ်တော်မူအပ်သော သာရုပ္ပသိက္ခာပုဒ်တို့တည်း။

၂-ရိုသေစွာ ခံယူခြင်း ဟူသည်- လေးလေး စားစား သတိထား၍ ခံယူခြင်းပင်တည်း။

၃-တောင်မြောက် လေးပါး ထိုထို ဤဤ မကြည့်ပဲ သပိတ်၌သာ အမှတ်အသားထား၍ ဆွမ်းခံရမည်။

## ၉-နဝမ သိက္ခာပုဒ်

၂၉။ ဆွမ်းကို ဟင်းနှင့် ညီမျှရုံသာ [၁] ခံယူအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၇၁)

## ၁၀-ဒသမ သိက္ခာပုဒ်

၃၀။ ဆွမ်းကို သပိတ်အတွင်း အနားရေးနှင့် ညီမျှရုံ ခံယူအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၇၁)

ခမ္ဘကတဝဂ် ပြီး၏။

---

## ၄-သက္ကစ္စဝဂ်

## ၁-ပဌမ သိက္ခာပုဒ်

၃၁။ ဆွမ်းကို ရိုသေစွာ စားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ မြန် ၂-၂၇၂)

## ၂-ဒုတိယ သိက္ခာပုဒ်

၃၂။ သပိတ်၌ အမှတ်ထားသည်ဖြစ်၍ ဆွမ်းကို စားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၇၂)

---

၁ - ဆွမ်းကို ဟင်းနှင့် ညီမျှရုံသာ ဟူသည် - ဆွမ်း၏ လေးဘို့တဘို့ ဟင်းရှိသော ဆွမ်းပင်တည်း။

## ၃-တတိယ သိက္ခာပုဒ်

၃၃။ ဆွမ်းကို အစဉ်အတိုင်း စားအံ့ [၁] ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၈၃)

## ၄-စတုတ္ထ သိက္ခာပုဒ်

၃၄။ ဆွမ်းကို ဟင်းနှင့် ညီမျှရုံသာ [၂] စားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည် ။ ။(ဝိ-မြန် ၂-၂၈၃)

## ၅-ပဉ္စမ သိက္ခာပုဒ်

၃၅။ ဆွမ်းကို အလယ်ထိပ်မှ နှိပ်၍ မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၈၄)

## ၆-ဆဋ္ဌ သိက္ခာပုဒ်

၃၆။ ဟင်း ရိုးရိုးကိုဖြစ်စေ သား ငါး ဟင်းကိုဖြစ်စေ များစွာ အလိုရှိသောကြောင့် ဆွမ်းဖြင့် မဖုံးလွှမ်းအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၈၄)

---

၁-အစဉ်အတိုင်း စား-ဟူသည် - တခွက်တည်း၌ ဟိုတစ သည်တစ မနှိုက်မူ၍ နီးရာမှစ၍ အစဉ်အတိုင်း ယူလျက် စားခြင်းတည်း။

၂-ဆွမ်းကို ဟင်းနှင့် ညီမျှရုံသာဟူသည် ဆွမ်း၏ လေးဘို့တဘို့ ဟင်းရှိသော ဆွမ်းပင်တည်း။

## ၇-သတ္တမ သိက္ခာပုဒ်

၃၇။ ဟင်းကိုရင်း ထမင်းကိုရင်း မနာမဖျားပဲ မိမိ အကျိုးငှါ (ငါ) တောင်း၍ မစားအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၈၆)

## ၈-အဋ္ဌမ သိက္ခာပုဒ်

၃၈။ ကဲ့ရဲ့ပြစ်တင်လိုသဖြင့် သူတပါးတို့၏ သပိတ်ကို (ငါ)မကြည့်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၈၆)

## ၉-နဝမ သိက္ခာပုဒ်

၃၉။ မကြီးလွန်းသော ဆွမ်းလုပ်ကို [၁] ပြုအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၈၇)

## ၁၀-ဒသမ သိက္ခာပုဒ်

၄၀။ ဆွမ်းလုပ်ကို ဝိုင်းဝန်း ညီညွတ်စွာ ပြုအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၈၇)

သက္ကစ္စဝဂ် ပြီး၏။

---

၁ - ဒေါင်းဥ ပမာဏရှိသော ဆွမ်းလုပ်သည် ကြီးလွန်းသော ဆွမ်းလုပ်တည်း၊ ကြက်ဥလောက်လည်း မငယ်ရ၊ ဒေါင်းဥလောက်လည်း မကြီးရ၊ အလယ်အလတ် ပမာဏရှိသော ဆွမ်းလုပ်ကို ပြုရမည်။

## ၅-ကဗဠဝဂ်

### ၁-ပဌမ သိက္ခာပုဒ်

၄၁။ ဆွမ်းလုပ် မရောက်မီ ခံတွင်းကို မဖွင့်အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၈၈)

### ၂-ဒုတိယ သိက္ခာပုဒ်

၄၂။ ဆွမ်းစားသည် ရှိသော် လက်အားလုံးကို ခံတွင်း၌ မထည့်အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၈၈)

### ၃-တတိယ သိက္ခာပုဒ်

၄၃။ ဆွမ်းလုပ်နှင့် တကွသော ခံတွင်းဖြင့် စကား မဆိုအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၈၉)

### ၄-စတုတ္ထ သိက္ခာပုဒ်

၄၄။ ဆွမ်းလုပ်ကို မြှောက်ကာ မြှောက်ကာ မစားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၈၉)

## ၅-ပဉ္စမ သိက္ခာပုဒ်

၄၅။ ဆွမ်းလုပ်ကို ကိုက်ဖြတ်ကာ ကိုက်ဖြတ်ကာ [၁] မစားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၇၉)

## ၆-ဆဋ္ဌ သိက္ခာပုဒ်

၄၆။ (မျောက်ကဲ့သို့)ပါးစောင်၌ ထား၍ မစားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၈၀)

## ၇-သတ္တမ သိက္ခာပုဒ်

၄၇။ လက်ကို ခါလျက် ခါလျက် မစားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၈၀)

## ၈-အဋ္ဌမ သိက္ခာပုဒ်

၄၈။ ဆွမ်းလုံးကို ကြဲကာ ကြဲကာ မစားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၈၁)

## ၉-နဝမ သိက္ခာပုဒ်

၄၉။ လျှာကို ထုတ်ကာ ထုတ်ကာ မစားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၈၁)

---

၁-ဤနေရာ၌ ဆွမ်းလုပ်ဟူသည် - ဘောဇဉ်ငါးပါးကိုသာ ယူရမည်၊ သစ်သီးဝလံ မုံ့ပဲသားရေစာစသော ခဲဖွယ်ကို ကိုက်ဖြတ်စားရာ၌ကား အပြစ်မရှိ။

## ၁၀-ဒသမ သိက္ခာပုဒ်

၅၀။ ပြဋ္ဌ်ပြဋ္ဌ် အသံပြု၍ မစားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၉၂)

ကဗဠဝဂ် ပြီး၏။

---

## ၆-သုရုသုရုဝဂ်

## ၁-ပဌမ သိက္ခာပုဒ်

၅၁။ ရှူတ်ရှူတ် အသံပြု၍ မစား အံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၉၃)

## ၂-ဒုတိယ သိက္ခာပုဒ်

၅၂။ လက်ကို လျက်ကာ လျက်ကာ မစားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၉၃)

## ၃-တတိယ သိက္ခာပုဒ်

၅၃။ သပိတ်ကို ခြစ်ကာ ခြစ်ကာ မစားအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၉၄)

## ၄-စတုတ္ထ သိက္ခာပုဒ်

၅၄။ နှုတ်ခမ်းကို လျက်ကာ လျက်ကာ မစားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။ ။(ဝိ - မြန် ၂ - ၂၉၄)

## ၅-ပဉ္စမ သိက္ခာပုဒ်

၅၅။ ဆွမ်း စသည် ပေကျံသော လက်ဖြင့် သောက်ရေ ခွက်ကို မကိုင်အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။ ။ (ဝိ-မြန် ၂-၂၉၅)

## ၆-ဆဋ္ဌ သိက္ခာပုဒ်

၅၆။ ဆွမ်းလုံးနှင့် တကွသော သပိတ်ဆေးရေကို ရွာ တွင်း၌ မစွန့်အံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။ (ဝိ-မြန် ၂-၂၉၆)

## ၇-သတ္တမ သိက္ခာပုဒ်

၅၇။ ထီးကိုင်ထားသော မနာမဖျားသူအား တရားကို မဟောအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၉၇)

## ၈-အဋ္ဌမ သိက္ခာပုဒ်

၅၈။ တုတ်ကိုင်ထားသော မနာ မဖျား သူအား တရား မဟောအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၉၈)

## ၉-နဝမ သိက္ခာပုဒ်

၅၉။ ဓားကိုင်ထားသော မနာမဖျားသူအား တရားမဟောအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၉၇)

## ၁၀-ဒသမ သိက္ခာပုဒ်

၆၀။ လက်နက် ကိုင်ထားသော မနာ မဖျား သူအား တရားမဟောအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၉၉)

သုရုသုရုဝဂ် ပြီး၏။

---

## ၇-ပါဒုကဝဂ်

## ၁-ပဌမ သိက္ခာပုဒ်

၆၁။ ခြေနင်း[၁] စီးသော မနာ မဖျား သူအား တရားမဟောအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၂၉၉)

---

၁-ခြေနင်းနှင့် ဘိနပ် အထူးမှာ - သဲကြိုးမတပ်မူ၍ သစ်သားဖုစသည် တပ်လျက် ထိုဖုကို ခြေမဖြင့် ညှပ်၍ စီးရသော ဘိနပ်မျိုးကို ခြေနင်းဟု ခေါ်သည်။ ။ထိုမှတပါး သဲကြိုးတပ်သော ဘိနပ်၊ နောက်ပိတ်စသော ဘိနပ်မျိုး အားလုံးကို ဘိနပ်ဟု ခေါ်သည်ဟု ဆရာတို့ ယူဆကြ၏။

## ၂-ဒုတိယ သိက္ခာပုဒ်

၆၂။ ဘိနပ်စီးသော မနာ မဖျားသူအား တရား မဟော အံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၃၀၀)

## ၃-တတိယ သိက္ခာပုဒ်

၆၃။ ယာဉ်စီးသော မနာ မဖျားသူအား တရား မဟော အံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ - မြန် ၂ - ၃၀၀)

## ၄-စတုတ္ထ သိက္ခာပုဒ်

၆၄။ အိပ်ရာ၌ နေသော မနာမဖျားသူအား တရား မဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၃၀၁)

## ၅-ပဉ္စမ သိက္ခာပုဒ်

၆၅။ အာယောဂပတ် ဖွဲ့လျက် ထိုင်နေသော မနာ မဖျား သူအား တရားမဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၃၀၁)

## ၆-ဆဋ္ဌ သိက္ခာပုဒ်

၆၆။ ဦးရစ်ပေါင်းသော [1] မနာ မဖျားသူအား တရားမဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၃၀၁)

## ၇-သတ္တမ သိက္ခာပုဒ်

၆၇။ ဦးခေါင်းခြုံသော မနာမဖျားသူအား တရားမဟောအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၃၀၂)

## ၈-အဋ္ဌမ သိက္ခာပုဒ်

၆၈။ နေရာ၌ ထိုင်နေသော မနာ မဖျား သူအား မြေ၌ ထိုင်နေလျက် တရားမဟောအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၃၀၂)

## ၉-နဝမ သိက္ခာပုဒ်

၆၉။ မြင့်သောနေရာ၌ ထိုင်နေသော မနာမဖျားသူအား နိမ့်သော နေရာ၌ထိုင်လျက် တရားကိုမဟောအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၃၀၄)

---

၁ - ဦးရစ်ပေါင်းသော ဟူသည် - ဆံစမပေါ်အောင် ဦးခေါင်းကို ရစ်ပတ်ထား သောသူတည်း။

## ၁၀-ဒသမ သိက္ခာပုဒ်

၇၀။ ထိုင်နေသော မနာ မဖျား သူအား ရပ်လျက် တရားကို မဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။ ။ (ဝိ-မြန် ၂-၃၀၅)

## ၁၁-ဧကာဒသမ သိက္ခာပုဒ်

၇၁။ ရှေ့ကသွားသော မနာ မဖျားသူအား နောက်က လိုက်လျက် တရားကို မဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၃၀၅)

## ၁၂-ဒွါဒသမ သိက္ခာပုဒ်

၇၂။ ခရီးလမ်းအတိုင်း သွားသော မနာမဖျား သူအား ခရီးလမ်း မဟုတ်ပဲ သွားလျက် တရား မဟောအံ့ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၃၀၆)

## ၁၃-တေရသမ သိက္ခာပုဒ်

၇၃။ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း မနာမဖျားပဲ ရပ်လျက် မစွန့်အံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။ (ဝိ-မြန် ၂-၃၀၆)

## ၁၄-စုဒ္ဒသမ သိက္ခာပုဒ်

၇၄။ စိမ်းသော မြက် သစ်ပင် ရှိရာ၌ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံထွေးကိုရင်း မနာမဖျားပဲ မစွန့်အံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၃၀၆)

## ၁၅-ပန္နရသမ သိက္ခာပုဒ်

၇၅။ (လူတို့ သုံးဆောင်သော)ရေ၌ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံထွေးကိုရင်း မနာမဖျားပဲ မစွန့်အံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။ ။(ဝိ-မြန် ၂-၁၀၈)

ပါဒုကဝဂ် ပြီး၏။

---

အသျှင်တို့ သေခိယ သိက္ခာပုဒ်တို့ကို သရုပ်အားဖြင့် ပြဆို အပ်ပြီး ပါကုန်ပြီ၊ ထိုသေခိယ သိက္ခာပုဒ်တို့၌ အသျှင်တို့ကို မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြ ပါကုန်၏လော၊ အသျှင်တို့သည် ဤသေခိယ သိက္ခာပုဒ်တို့၌ အာပတ်မှ စင်ကြယ်ကြပါကုန်၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေကုန်၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤ အာပတ်မှ စင်ကြယ်သည့် အဖြစ်ကို သိမှတ်ရပါသည်။

သေခိယသိက္ခာပုဒ် ပြီး၏။ [၁]

---

၁-ဤသေခိယ သိက္ခာပုဒ်တို့ကို မကျင့်သော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏၊ ရှင်သာမဏေများလည်း ကျင့်ရမည်၊ မကျင့်က ဒဏ်ထိုက်၏။

## ဂ-အဓိကရဏသမထ

အသျှင်တို့ အဓိကရုဏ်းတို့ကို ငြိမ်းစေနိုင်သော ဤတရား ခုနစ်ပါးတို့သည် သရုပ်အားဖြင့် ပြဆိုအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။

၁။ ဖြစ်တိုင်း ဖြစ်တိုင်းသော (လေးပါးသော)အဓိက ရုဏ်း [၁] တို့ကို ငြိမ်းစေခြင်းငှါ အထူးသဖြင့် ငြိမ်းစေခြင်းငှါ သမ္မုခါ ဝိနည်း (မျက်မှောက် အဓိကရုဏ်း ငြိမ်းကြောင်း တရား)ကို ပေးရမည်။ ။(ဝိ-မြန် ၂-၃၀၈)

---

၁ - လေးပါးသော အဓိကရုဏ်း ဟူသည်—

(က) ဝိဝါဒါဓိကရုဏ်း ဓမ္မ-အဓမ္မ-စသည်ဖြင့် တဖက်နှင့်တဖက် ငြင်းခုံခြင်း။

(ခ) အနုဝါဒါဓိကရုဏ်း သီလဝိပတ္တိစသော လေးပါးသော ဝိပတ္တိ တို့တွင် တပါးပါးသော ဝိပတ္တိဖြင့် စွပ်စွဲ စောဒနာခြင်း။

(ဂ) အာပတ္တာဓိကရုဏ်း ပါရာဇိက, သံဃာဒိသိသ်, ထုလ္လစ္စည်း, ပါစိတ်,ပါဋိဒေသနီ,ဒုက္ကဋ်, ဒုဗ္ဘာသိ-ဟူသော အာပတ် ခုနစ်ဖုံ သင့်ရောက် နေခြင်း။

(ဃ) ကိစ္စာဓိကရုဏ်း အပလောကန-စသော ကံလေးပါးတို့တွင် တပါးပါးသော ကံကို ပြုခြင်း။

(က) ဝိဝါဒါဓိကရုဏ်းကို သမ္မုခါဝိနယ, ယေဘုယျသိကာ သမထ နှစ်ပါးတို့ဖြင့် ငြိမ်းစေရသည်။

(ခ) အနုဝါဒါဓိကရုဏ်းကို သမ္မုခါ ဝိနယ, သတိဝိနယ, အမူဠ္ဌ ဝိနယ, တဿပါပိယသိကာ သမထ လေးပါးတို့ဖြင့် ပုဂ္ဂိုလ် အားလျော်စွာ ငြိမ်းစေရသည်။

၂။ သတိ ဝိနည်း (ရဟန္တာပုဂ္ဂိုလ်အား သတိပေးရသော ဝိနည်း)ကို ပေးရမည်။

၃။ အမူဠ္ဟဝိနည်း (ရူးသွပ်သော ရဟန်းတို့အား သတိရခိုက် ပေးရသော ဝိနည်း)ကို ပေးရမည်။

၄။ ပဋိညာယ ကာရေတဗ္ဗ သမထ(ဝန်ခံသဖြင့် ပြုအပ်သော သမထ) ကို ပြုရမည်။

၅။ ယေဘုယျသိကာ သမထ (ဓမ္မဝါဒီ ပုဂ္ဂိုလ်များရာသို့ လိုက်၍ ဆုံးဖြတ်ရ သော သမထဓမ္မ)ကို ပြုရမည်။

၆။ တဿ ပါပိယသိကာ သမထ(ယုတ်မာသော ရဟန်းအား ပြုရသော ဝိနည်း)ကို ပြုရမည်။

၇။ တိဏဝတ္ထာရက သမထ (မစင်ကို မြက်ဖြင့် ဖုံးလွှမ်းသကဲ့သို့ အာပတ်ကို ဖုံးဖိ ထားရသော ဝိနည်းကံ)ကို ပြုရမည်။

အသျှင်တို့ အဓိကရုဏ်း တို့ကို ငြိမ်းစေနိုင်သောတရား ခုနစ်ပါးတို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ ထို အဓိ

---

(ဂ) အာပတ္တာဓိကရုဏ်းကို သမ္မုခါဝိနယ, ပဋိညာတကရဏ, တိဏဝတ္ထာရက သမထ သုံးပါးတို့ဖြင့် ထိုက်သည့်အားလျော်စွာ ငြိမ်းစေရသည်။

(ဃ) ကိစ္စာဓိကရုဏ်းကို သမ္မုခါ ဝိနယ တပါးဖြင့်သာ ငြိမ်းစေရသည်။

ကရဏ သမထတို့၌ အသျှင်တို့ကို မေးပါ၏၊ အာပတ်မှ စင်ကြယ် ကြပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ အသျှင်တို့သည် အဓိကရဏ သမထတို့၌ အာပတ်မှ စင်ကြယ်ကြပါကုန်၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေကုန်၏၊ ဤသို့ ဆိတ်ဆိတ် နေသဖြင့် ဤအာပတ်မှ စင်ကြယ်သည့် အဖြစ်ကို သိမှတ်ရပါသည်။

အဓိကရဏ သမထ ပြီး၏။

---

အသျှင်တို့ နိဒါန်းကို သရုပ်အားဖြင့် ပြဆိုအပ် ပြီးပါပြီ၊ ပါရာဇိက အာပတ် လေးပါးတို့ကို သရုပ်အားဖြင့် ပြဆိုအပ် ပြီး ပါကုန်ပြီ၊ သံဃာဒိသိသ် အာပတ် တဆယ့်သုံးပါးတို့ကို သရုပ်အားဖြင့် ပြဆို အပ်ပြီး ပါကုန်ပြီ၊ အနိယတ အာပတ် နှစ်ပါးတို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ နိဿဂ္ဂိ ပါစိတ်အာပတ် သုံးဆယ်တို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီး ပါကုန်ပြီ၊ သုဒ္ဓ ပါစိတ် အာပတ်ကိုးဆယ့်နှစ်ပါး တို့ကို သရုပ် အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ပါဋိဒေသနီ အာပတ်လေးပါး တို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ။ သေခိယ အာပတ်တို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ အဓိက ရဏ်း ငြိမ်းကြောင်း တရား ခုနစ်ပါးတို့ကို သရုပ်အားဖြင့်

ပြဆိုအပ်ပြီးပါကုန်ပြီ၊ ဤမျှ အတိုင်းအရှည်ရှိသော သိက္ခာပုဒ်သည် ထိုမြတ်စွာဘုရား၏ ပါတိမောက်၌ လာ၍ ပါတိမောက်၌ အကျုံးဝင်၏၊ လခွဲတိုင်း လခွဲတိုင်း သရုပ်အားဖြင့် ပြခြင်းသို့ ရောက်၏၊ ထိုနှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်သော သိက္ခာပုဒ်တို့၌ အလုံးစုံသော ရဟန်းတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ခိုက်ရန်ငြင်းခုံခြင်း မရှိကြကုန်ပဲ ကျင့်အပ်သတည်း။

**အကျယ်သရုပ်အားဖြင့် ရွတ်ဆိုခြင်း ပြီး၏။**

# ဘိက္ခုပါတိမောက် မြန်မာပြန်
# ပြီး၏။